# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇွန် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်၊ သောကြာနေ့။ Friday, 12 July 2024 ၁၁၅၁၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်

**ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍများ အပါအဝင် အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး**



နေပြည်တော် ဇူလိုင် ၁၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. Daba Debele Hunde သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

**ရင်းရင်းနှီးနှီးဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံအကြားသံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ ယဉ်ကျေးမှုကဏ္ဍ၊ ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ အားကစားကဏ္ဍများအပါအဝင် အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုများ အပြန်အလှန် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde က ၎င်း၏သံအမတ် ခန့်အပ်လွှာပေးအပ်စဉ်။

## ယနေ့ ဖတ်စရာ


**နိုင်ငံရေးပါတီ (၂၃) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်** စာမျက်နှာ » ၇

**အာဇာနည်နေ့မှာ ပြန်ပြောင်းအမှတ်ရဆင်ခြင်စရာ. . .** ဆောင်းပါး စာမျက်နှာ » ၈

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း** စာမျက်နှာ » ၁၁

**စက်သုံးဆီ အရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်မှုရှိစေရေးအတွက် Mobile Fuel Lab ယာဉ်များဖြင့် စစ်ဆေးဆောင်ရွက်** စာမျက်နှာ » ၁၆

ကြေးမုံ

# ငွေကြေးတည်ငြိမ်ခိုင်မာရေးနှင့် နိုင်ငံဖွံ့ဖြိုးရေး

နိုင်ငံတော်အစိုးရနှင့် ဗဟိုဘဏ်တို့အကြား၊ ငွေရေးကြေးရေးအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေရန်၊ နိုင်ငံတော်၏ ငွေကြေးစနစ်တည်ငြိမ်မှုရှိပြီး နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကဘဏ်များမှ နာယကများ၊ ဥက္ကဋ္ဌများနှင့် ဘဏ်လုပ်ငန်းဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၁၀ ရက်က နေပြည်တော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ခိုင်မာအားကောင်းသည့် ငွေရေးကြေးရေးကဏ္ဍဖြစ်ပေါ်လာစေရေး ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေ၊ ဘဏ်လုပ်ငန်းဆိုင်ရာ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားမည့်အခြေအနေ၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် ကန်ထရိုက်လယ်ယာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် တိုးချဲ့၍ ပူးပေါင်းရင်းနှီးမြှုပ်နှံဆောင်ရွက်ရေး၊ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေးအတွက် ပြည်တွင်း၌ စက်ရုံ၊ အလုပ်ရုံများတည်ဆောက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရေးတို့ကို ဆွေးနွေးကြသည်။

ယခုဆွေးနွေးပွဲသည် ငွေရေးကြေးရေးဆိုင်ရာ လုံခြုံမှု၊ တည်ငြိမ်မှု၊ ခိုင်မာမှုတို့ ထိန်းသိမ်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးနိုင်ရုံသာမက နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပါဝင်ဆောင်ရွက်သင့်သည်တို့ကို ပေါင်းစပ်ဆွေးနွေးနိုင်ခဲ့သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၌ စီးပွားရေးလုပ်ငန်းရှင်ကြီးများ ပါဝင်မှုအလားအလာကောင်းများ ရရှိလာနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး(၃/၂၀၂၄)တွင် ငွေကြေးတတ်နိုင်သူများအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် ပါဝင်ဆောင်ရွက်စေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်၏ စီးပွားရေးအတွက် အထောက်အကူပြုမည့်အပြင် ပုဂ္ဂလိကအကျိုးစီးပွားကိုလည်း ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက မှာကြားထားသည်။

နိုင်ငံတော်အနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသဖြင့် ဗဟိုဘဏ်နှင့် ဘဏ်များအနေဖြင့် သီးခြားလွတ်လပ်စွာဆောင်ရွက်နိုင်သည်။ နိုင်ငံတော်က ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉)ရပ်တို့ အောင်မြင်စေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုတစ်ရပ်လုံးနှင့်အတူ လက်တွဲဆောင်ရွက်နေချိန်တွင် ဘဏ်လုပ်ငန်းရှင်ကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများက ပြည်သူများ၏အကျိုးစီးပွားကို အပြည့်အဝကာကွယ်စောင့်ရှောက်မည့်ပုဂ္ဂိုလ်များအဖြစ် အားကိုးအားထားပြုပြီး ပူးပေါင်းဆောင်ရွက်သွားစေလိုသည်။ ကန်ထရိုက်လယ်ယာများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများတွင် လုပ်ငန်းစုများ၊ အသင်းစုများ တိုးချဲ့ဖွဲ့စည်း၍ ပူးပေါင်းရင်းနှီးမြှုပ်နှံရန် တိုက်တွန်းအပ်ပါသည်။

ပြည်ပသွင်းကုန်များ အစားထိုးနိုင်ရန်အတွက် ပြည်တွင်း၌ စက်ရုံအလုပ်ရုံများတည်ဆောက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်သင့်ပါသည်။ ဘဏ်လုပ်ငန်းရှင်ကြီးများအနေဖြင့် ငွေရေးကြေးရေးလုပ်ငန်းများအပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံလုပ်ကိုင်ပြီး နိုင်ငံတော်အစိုးရ၊ အများပြည်သူနှင့် ဘဏ်များအကြား သုံးဦးသုံးဖလှယ်အကျိုးရှိမည့် Win-Win-Win Situation ရရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

ငွေရေးကြေးရေးအပိုင်းတွင် ဘဏ်များ၏လိုအပ်ချက်ကို နိုင်ငံတော်အစိုးရနှင့် ဗဟိုဘဏ်က ပံ့ပိုးနေသကဲ့သို့ ဘဏ်များကလည်း နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့်အညီ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စည်းမျဉ်း၊ စည်းကမ်းဖြင့် ယှဉ်ပြိုင်ခြင်းထက် ကိုယ်ကျိုးစီးပွားအတွက် လက်ဝါးကြီးအုပ်ခြင်း၊ ဈေးကစားမှုများ ပြုလုပ်ခြင်းကြောင့် အများပြည်သူအကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်ပေးရမည်ဖြစ်သည်။ တည်ဆဲဥပဒေ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်း တစ်ရပ်ရပ်ကိုဖောက်ဖျက်ပြီး နိုင်ငံတော်၏ ငွေကြေးပစ္စည်းပိုင်ဆိုင်မှုများ ထိခိုက်နစ်နာပျက်စီးစေပါက သက်ဆိုင်ရာဥပဒေနှင့်အရေးယူခြင်းခံရနိုင်သည့် သာဓကများရှိသည်။

ယခုအခါတွင် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက်လုပ်ကိုင်မှုများကြောင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒများကို ထိပါးလာသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ထိုက်သင့်အားလျော်စွာ ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်ခဲ့သည်။ ပြည်သူလူထုအနေဖြင့်လည်း မလိုအပ်ဘဲ ငွေကြေးအမြောက်အမြားထုတ်ယူခြင်း၊ ကောလာဟလသတင်းများအပေါ် စိုးရိမ်စိတ်လွန်ကဲခြင်းနှင့် မသမာသူများ၏ သွေးထိုးလှုံ့ဆော်ပေးမှုကြောင့် ငွေကြေးများကို လုံခြုံစိတ်ချအာမခံမှုရှိသည့်ဘဏ်များတွင် အပ်နှံခြင်းမပြုလုပ်ဘဲ ရှိပြီးငွေများထုတ်ယူခြင်း၊ လက်ဝယ်တွင် အမြောက်အမြားထားရှိခြင်းတို့မပြုလုပ်ရန် လိုအပ်ပါသည်။

ဘဏ်များသည် ငွေအပ်နှံသူပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်ပေးရန် တာဝန်ရှိသကဲ့သို့ ငွေကြေးစနစ်တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ခိုင်မာမှုတို့ကို ထိန်းသိမ်းရေးတို့ကို တစ်ပေါင်းတည်းဆောင်ရွက်ရမည့် အဖွဲ့အစည်းများဖြစ်သည်။ ယင်းအခြေအနေကို နိုင်ငံတော်အစိုးရ၊ ဗဟိုဘဏ်နှင့် ဘဏ်များအားလုံး ပူးပေါင်းဆောင်ရွက်ပြီး ငွေရေးကြေးရေး တည်ငြိမ်အားကောင်းလာရေးကိုဆောင်ရွက်ကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## သနပ်ပင်မြို့၌ ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူ



သနပ်ပင် ဇူလိုင် ၁၁

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း လူထုအသိပညာပေးလှုံ့ဆော်ရေး မြေစိုက်ပိုစတာစိုက်ထူခြင်း အခမ်းအနားကို ယမန်နေ့နံနက် ၈ နာရီခွဲက သနပ်ပင်မြို့ အောက်စုရပ်ကွက် မြို့ဝင်/ထွက် (ပညာရေးမှူးရုံး) အနီးတွင် ကျင်းပသည်။

ဦးစွာ အသိပညာပေးမြေစိုက်ပိုစတာဆိုင်းဘုတ်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သန်းခေါင်စာရင်း ကော်မတီအတွင်းရေးမှူး ဦးစီးအရာရှိ ဦးတင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့သည်။

**အောင်မြင့်မြတ် (ပြန်/ဆက်)**

## ဇလွန်မြို့နယ် ဝန်ထမ်းအင်အား ငွေစုငွေချေး သမဝါယမအသင်း၏ နှစ်ပတ်လည် အစည်းအဝေးကျင်းပ

ဇလွန် ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဝန်ထမ်းအင်အား ငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သဘာပတိ ဦးထူးပြည့်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်စိုးအေးက မြို့နယ်ဝန်ထမ်းအင်အား ငွေစုငွေချေးအသင်းတွင် အသင်းသား ၁၁၇၂ ဦးရှိပြီး ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွက် အသင်းသားများအား အစု စုဆောင်းချီးမြှင့်ငွေကျပ် ၈၇ ဒသမ ၆၂ သိန်း၊ စုဆောင်းငွေအပေါ် အတိုးအဖြစ်ငွေကျပ် ၁၅၁ ဒသမ ၄၉၃၁၈ သိန်း ထုတ်ပေးနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ဝန်ထမ်းအင်အား ငွေစုငွေချေးသမဝါယမအသင်း၏ ဒါရိုက်တာအဖွဲ့က တင်ပြသည့် လုပ်ငန်းအစီရင်ခံစာနှင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ဘဏ္ဍာရေးရှင်းတမ်းတို့ကို ဖတ်ကြားရှင်းလင်းခဲ့ပြီး ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးရှင်းတမ်းနှင့် ဒါရိုက်တာအဖွဲ့လုပ်ငန်းအစီရင်ခံစာကို အတည်ပြုခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် လှိုင်သရဖူသမဝါယမအသင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် "လှိုင်သရဖူ" သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက အသင်းရုံးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် သဘာပတိဖြစ်သူ "လှိုင်သရဖူ" သမဝါယမအသင်းဥက္ကဋ္ဌ ဒေါ်လှလှဆင့်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရည်ရည်မွန်တို့က အမှာစကားပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များကို အမှုဆောင်အဖွဲ့ဝင်က ဖတ်ကြားခဲ့သည်။

ထို့နောက် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများကို အဆိုပြုခြင်း၊ ထောက်ခံခြင်းနှင့် သဘာပတိ၏ အတည်ပြုချက်ရယူခြင်းတို့ ဆောင်ရွက်ကာ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ - ၇ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၆၀၀ | ၅၇၀ | ၄,၉၁၂,၆၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၅၀ | ၂,၈၈၀ | ၉,၆၁၅,၅၀၀ |
| MCB | ၈,၂၀၀ | ၈,၂၀၀ | ၂၂၆ | ၁,၈၅၃,၂၀၀ |
| FPB | ၁,၆၅၀ | ၁,၆၅၀ | ၄,၀၅၃ | ၆,၆၈၇,၄၅၀ |
| TMH | ၂,၇၀၀ | ၂,၈၀၀ | ၁၁၄ | ၃၀၉,၈၀၀ |
| EFR | ၁,၇၅၀ | ၁,၇၀၀ | ၂၉၃ | ၅၀၈,၆၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၃,၅၅၀ | ၃,၆၀၀ | ၂,၈၂၄ | ၁၀,၁၃၀,၂၅၀ |

**ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး ဒေါ်ခိုင်သန္တာရွှေ
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

တိုးမြှင့် ဆောင်ရွက်နိုင်သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုအခြေအနေများ၊ လွတ်လပ်ပြီး တရားမျှတသည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန (၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းဦးတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သောအဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde ဦးဆောင်သောအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. Daba Debele Hunde လာရောက်တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E.Mr. Daba Debele Hunde သည် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် MoU လက်မှတ်ရေးထိုးနိုင်ရေး၊ မီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်ပြီး နှစ်နိုင်ငံအကြား အပြန်အလှန် သတင်းမှန် ထုတ်လွှင့်နိုင်ရေး၊ စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍများတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နှစ်နိုင်ငံအကြားဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

သတင်းစဉ်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှ

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ကမ္ဘာ့လူဦးရေနေ့ ဖြစ်ပေါ်လာသည့် အကြောင်းရင်းသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အရေးတကြီး ဖြေရှင်းရမည့် မိသားစုစီမံကိန်း၊ ကျား မ တန်းတူညီမျှမှု၊ ဆင်းရဲနွမ်းပါးမှု၊ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေးနှင့် လူ့အခွင့်အရေးများ၏ အရေးပါမှုစသည့် လူဦးရေဆိုင်ရာ ပြဿနာရပ်များကို ပြည်သူလူထု အသိပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့လူဦးရေ သန်းငါးထောင်ပြည့်ခဲ့သည့် ၁၉၈၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့ကို အစွဲပြုပြီး ကမ္ဘာ့လူဦးရေနေ့အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက နှစ်စဉ်ကျင်းပလျက်ရှိကြောင်း။

**သန်းပေါင်းရှစ်ထောင်ကျော်ရှိ**

မြန်မာနိုင်ငံ အနေဖြင့်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားများကို ၁၉၉၀ ပြည့်နှစ်ကစပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယနေ့ကျင်းပသည့် အခမ်းအနားသည် (၃၅)ကြိမ်မြောက် အခမ်းအနားပင်ဖြစ်ကြောင်း၊ ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်အရ ယနေ့ ကမ္ဘာ့လူဦးရေသည် သန်းပေါင်းရှစ်ထောင်ကျော်ရှိပြီဖြစ်ကြောင်း၊ ရှေးယခင်က ကမ္ဘာ့လူဦးရေသန်းတစ်ထောင်ပြည့်ရန် နှစ်ပေါင်းရာကျော် ကြာမြင့်ခဲ့သော်လည်း ယနေ့ကာလတွင် ဆေးဝါးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ၊ အဆင့်မြင့်နည်းပညာများနှင့် လူမှုဘဝများ ဖွံ့ဖြိုးတိုးတက်လာသည့်အပြင် လူဦးရေဆိုင်ရာ မွေးဖွားနှုန်း၊ သေဆုံးနှုန်းများ ပြောင်းလဲလာခြင်းကြောင့် လူဦးရေသန်းတစ်ထောင်တိုးရန် အချိန်သည် တဖြည်းဖြည်း တိုတောင်းလာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့် အမျှစားရေရိက္ခာ မပြည့်စုံခြင်းများ၊ သောက်သုံးရေရှားပါးပြတ်လပ်ခြင်းများ၊ ရာသီဥတုဖောက်ပြန်ခြင်းများ၊ ကူးစက်ကပ်ရောဂါပျံ့နှံ့ခြင်းများ၊ ရေဘေး၊ လေဘေး၊ မုန်တိုင်းဘေး စသည့် သဘာဝဘေးအန္တရာယ်များကို လူသားတို့ ယခင်ကထက် ပိုမိုရင်ဆိုင်ခံစားလာနေကြရကြောင်း၊ ထို့ပြင် တန်းတူညီမျှမှု မရှိခြင်းများ၊ ဆင်းရဲနွမ်းပါးမှုများပြားလာခြင်းများ စသည့် လူနေမှုအဆင့်အတန်းများကွဲပြားပြီး လူတန်းစားကွာဟမှု ပြဿနာများနှင့်လည်း ရင်ဆိုင်လာကြရကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများတွင် အဆိုပါပြဿနာများ ပိုမိုဖြစ်ပွားလာသည်ကို မိမိတို့ မျက်မြင်တွေ့ကြုံနေရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

လူဦးရေဆိုင်ရာ ပြဿနာများနှင့် ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအများစုတွင် မွေးဖွားနှုန်း သိသိသာသာ ကျဆင်းလာခြင်းကြောင့် ကလေးဦးရေနည်းပါးလာပြီး လုပ်သားအင်အား ရှားပါးခြင်းများ၊ သက်ကြီးရွယ်အိုများပြားလာခြင်းများနှင့် ရင်ဆိုင်နေကြရကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံအချို့နှင့် ဖွံ့ဖြိုးမှုနည်းပါးသည့် နိုင်ငံများတွင် မွေးဖွားနှုန်းမြင့်မားခြင်း၊ ပညာရေးအခြေအနေနိမ့်ကျခြင်း၊ အလုပ်လက်မဲ့များပြားခြင်း၊ ဆင်းရဲနွမ်းပါးသူများပြားခြင်း စသည့် ပြဿနာများနှင့် ရင်ဆိုင်နေကြရကြောင်း။

ထို့ကြောင့် ဆင်းရဲနွမ်းပါးမှု၊ တန်းတူညီမျှမရှိမှု၊ ရာသီဥတုပြောင်းလဲမှု၊ သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းမှု၊ ငြိမ်းချမ်းရေးနှင့် တရားမျှတမှုမရှိခြင်းတို့ အပါအဝင် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals)ကို ချမှတ်ပြီး အဖွဲ့ဝင်နိုင်ငံများက ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီအောင် ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြကြောင်း၊ အဆိုပါ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို အခြေခံပြီး နိုင်ငံတစ်နိုင်ငံချင်းစီက မိမိတို့နိုင်ငံအလိုက် ကြုံတွေ့နေရသည့် ပြဿနာများနှင့် အခက်အခဲများကို ဖြေရှင်းရန်၊ အချိန်မီကုစားရန် လိုအပ်မည်ဖြစ်ကြောင်း။

**ပုံမှန်ကောက်ယူနေ**

ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ သုံးသပ်ပြီး ကဏ္ဍအလိုက်ဦးစားပေးအဆင့် သတ်မှတ်၍ ထိရောက်စွာ အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရန်အတွက် မိမိတို့နိုင်ငံ၏ နယ်မြေဒေသအလိုက် အခြေခံကျသည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အခြေခံ အချက်အလက်များ ရရှိရန် အထူးပင်လိုအပ်ကြောင်း၊ ထို့ကြောင့်နည်းပညာဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအများစုတွင် အဆိုပါ အချက်အလက်များရရှိရန် လူဦးရေသန်းခေါင်စာရင်းများကို ပုံမှန်ကောက်ယူနေကြခြင်းဖြစ်ကြောင်း။

ကုလသမဂ္ဂကလည်း လူဦးရေသန်းခေါင်စာရင်း ကောက်ယူရာတွင် ကိုးကားဆောင်ရွက်ရန် နိယာမများနှင့် အကြံပြုချက်များ (Principles and Recommen-dations)များကိုလည်း ထုတ်ပြန်ပေးထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အသေးငယ်ဆုံး အုပ်ချုပ်မှု နယ်မြေအဆင့်အထိ နယ်မြေဒေသအလိုက် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို လူဦးရေသန်းခေါင်စာရင်းများကသာ ရရှိနိုင်မည်ဖြစ်သည့်အတွက် လူဦးရေသန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံတွင် မကြာမီ ကောက်ယူတော့မည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အကြောင်းကို အနည်းငယ်ပြောကြားလိုကြောင်း၊ သန်းခေါင်စာရင်း၏ ထူးခြားသည့် ဝိသေသလက္ခဏာ တစ်ခုမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုကဲ့သို့ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံး အဆင့်ထိ အချက်အလက်များ ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းက ရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သည့် မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်နိုင်ရန်နှင့် စီမံကိန်းများ ရေးဆွဲနိုင်ရန် လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ ပံ့ပိုးပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် သယံဇာတအရင်းအမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ ဘဏ္ဍာငွေ ခွဲဝေချထားခြင်း၊ စာသင်ကျောင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၊ လမ်း၊ တံတားများ စသည့် အခြေခံ အဆောက်အအုံများ တည်ဆောက်ပေးခြင်း၊ မသန်စွမ်းနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်း စသည်များကို ထိထိရောက်ရောက် စီမံခန့်ခွဲရန် မရှိမဖြစ်လိုအပ်သည့် အခြေခံအချက်အလက်များပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်း ကောက်ယူမှု သမိုင်းကြောင်းကို ပြန်လည် လေ့လာသုံးသပ်ကြည့်မည်ဆိုပါက လွတ်လပ်ရေးမရမီကာလ ၁၈၇၂ ခုနှစ်၊ ၁၈၈၁ ခုနှစ်၊ ၁၈၉၁ ခုနှစ်၊ ၁၉၀၁ ခုနှစ်၊ ၁၉၁၁ ခုနှစ်၊ ၁၉၂၁ ခုနှစ်၊ ၁၉၃၁ ခုနှစ်နှင့် ၁၉၄၁ ခုနှစ် တို့တွင် ၁၀ နှစ်ခြား တစ်ကြိမ်စီဖြင့် ရှစ်ကြိမ် ကောက်ယူခဲ့သည်ကို တွေ့ရပါကြောင်း၊ အဆိုပါ သန်းခေါင်စာရင်း အချက်အလက်တချို့ကို ယနေ့အထိ ကိုးကား အသုံးပြုနေရဆဲဖြစ်ကြောင်း။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူပြီး နောက်ပိုင်းတွင် နိုင်ငံတော်အတွက် လိုအပ်နေသည့် စာရင်းအင်းဆိုင်ရာ အချက်အလက် အတော်များများကို နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများ ရေးဆွဲသည့်နေရာတွင် အသုံးပြုခဲ့ပြီး နှစ်စဉ် နိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းကိုလည်း အနီးစပ်ဆုံး ခန့်မှန်းတွက်ချက် ထုတ်ပြန်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ပြင် နောက်တစ်ကြိမ် သန်းခေါင်စာရင်း မကောက်ယူမီ အချိန်တွင် ကြားကာလ ပြောင်းလဲလာသည့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို သိရှိရန်၊ နှိုင်းယှဉ်လေ့လာမှုများ ပြုလုပ်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်းကို ကောက်ယူထုတ်ပြန်ပေးခဲ့ရာ ယခုအချိန်အထိ အသုံးဝင်နေဆဲဖြစ်ကြောင်း။

**စီစဉ်ဆောင်ရွက်နေ**

ကမ္ဘာ့နိုင်ငံ အများစုတွင် သန်းခေါင်စာရင်းကို ၁၀ နှစ်တစ်ကြိမ် ကောက်ယူလေ့ရှိခြင်းကြောင့်လည်းကောင်း၊ နှစ်စဉ်ထုတ်ပြန်သည့် နိုင်ငံ၏ ခန့်မှန်းလူဦးရေစာရင်းများ ခိုင်မာမှုရှိစေရန်အတွက် လည်းကောင်း၊ ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများနှင့် သုတေသနလုပ်ငန်းများအတွက် မှန်ကန်သည့် အခြေခံအချက်အလက်များ ရရှိစေရန်လည်းကောင်း ရည်ရွယ်ပြီး မိမိတို့နိုင်ငံတွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် မူဝါဒများ ချမှတ်ရန် အရေးကြီးသည့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များ ရရှိနိုင်မည့် တစ်ခုတည်းသော စီမံကိန်းလုပ်ငန်းဖြစ်ခြင်းကြောင့် အမျိုးသားရေး တာဝန်တစ်ရပ် အနေဖြင့် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ »»

❖ **နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို အချိန်နှင့်တစ်ပြေးညီသုံးသပ်ပြီး ကဏ္ဍအလိုက် ဦးစားပေးအဆင့်သတ်မှတ်၍ ထိရောက်စွာ အကောင်အထည်ဖော်သွားကြရမည်**

❖ **ထိုသို့ဆောင်ရွက်ရန်အတွက် မိမိတို့နိုင်ငံ၏ နယ်မြေဒေသအလိုက် အခြေခံကျသည့် လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များရရှိရန် အထူးပင်လိုအပ်**

❖ **သန်းခေါင်စာရင်း၏ ထူးခြားသည့် ဝိသေသလက္ခဏာတစ်ခုမှာ ရပ်ကွက်၊ ကျေးရွာအုပ်စုကဲ့သို့ အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံးအဆင့်ထိ အချက်အလက်များ ပံ့ပိုးပေးနိုင်ခြင်းပင်ဖြစ်**

❖ **သန်းခေါင်စာရင်းကရရှိလာသည့် အချက်အလက်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သည့်မူဝါဒများ၊ မဟာဗျူဟာများ၊ နည်းဗျူဟာများ ချမှတ်နိုင်ရန်နှင့် စီမံကိန်းများရေးဆွဲနိုင်ရန် လိုအပ်သည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များ ပံ့ပိုးပေးနိုင်မည်**

»» စာမျက်နှာ ၄ မှ

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၏ နောက်ဆုံးအချက်ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အခြေခံလိုအပ်သည့် မဲစာရင်းမှန်ကန်စေရေးကိုလည်း အထောက်အကူ ဖြစ်စေမည်ဖြစ်ကြောင်း။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

### ကြုံတွေ့ခံစားနေကြရ

ယခုနှစ် ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ကို **“ထိခိုက်လွယ်သူ ဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ” “Helping vulnerable populations in emergencies”**ဟု သတ်မှတ်ထားကြောင်း၊ အဆိုပါဆောင်ပုဒ်ချမှတ်ရခြင်းသည် ယနေ့ ကမ္ဘာ့နိုင်ငံများတွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ၊ စစ်ပွဲများ၊ သဘာဝဘေးအန္တရာယ်များ၊ စားနပ်ရိက္ခာရှားပါးမှုများ စသည့်ဘေးဒုက္ခအန္တရာယ်အမျိုးမျိုးကြောင့် အရေးပေါ်အခြေအနေများကို လူသားများ ကြုံတွေ့ခံစားနေကြရကြောင်း။

အထူးသဖြင့် သက်ကြီးရွယ်အိုများ၊ အမျိုးသမီးငယ်များ၊ ကလေးသူငယ်များ၊ မသန်စွမ်းသူများနှင့် ဆင်းရဲနွမ်းပါးသူများက ပိုမိုထိခိုက် ခံစားကြရကြောင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ချိန်များ၊ ပဋိပက္ခများဖြစ်ပေါ်ချိန်များတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ခုခံနိုင်စွမ်းနည်းသည့်အပြင် သူတို့၏ သီးသန့် လိုအပ်ချက်များသည်လည်း လျစ်လျူရှုခြင်းခံရလေ့ရှိကြောင်း၊ သူတို့၏ ဘဝလုံခြုံမှု၊ ဂုဏ်သိက္ခာနှင့် ကျန်းမာရေးများကို ဆောင်ရွက်ပေးခြင်းသည် မိသားစုနှင့် လူမှုအသိုင်းအဝိုင်း၏ ကောင်းကျိုးကို ဖြည့်ဆည်းပေးခြင်းလည်း ဖြစ်ကြောင်း။

နိုင်ငံတကာသတင်း အချက်အလက်များအရ ဘေးဥပဒ်ကျရောက် နေသူများထဲတွင် လူငယ်များစွာ ပါဝင်နေသည်ဟု သိရကြောင်း၊ နိုင်ငံတချို့တွင် ဘေးဥပဒ် ကျရောက်နေသူများ၏ သုံးပုံနှစ်ပုံခန့်သည် အသက် ၂၅ နှစ်အောက် လူငယ်များဖြစ်ကြောင်း၊ ကမ္ဘာတစ်ဝန်း ကျောင်းမနေသည့် လူငယ်တစ်ဝက်ခန့်တွင် ပဋိပက္ခဖြစ်နေသည့်နိုင်ငံများ၊ ပဋိပက္ခကြုံတွေ့ခဲ့ရသည့် နိုင်ငံများက ဖြစ်နေသည်ကို တွေ့ရပါကြောင်း။

လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်၊ နိုင်ငံ၏အင်အားများ ဖြစ်ခြင်းကြောင့် ကလေးများ၊ အမျိုးသမီးငယ်များ ကျောင်းပညာသင်ကြားခွင့်မရခဲ့ပါက သို့မဟုတ် သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းမပေးနိုင်ပါက ၎င်းတို့တစ်ဦးချင်းအတွက် သာမက ၎င်းတို့ ပတ်ဝန်းကျင်နှင့် နိုင်ငံ၏ အနာဂတ်သည်လည်း အားနည်းချက်များ၊ လိုအပ်ချက်များ ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ထိခိုက်လွယ်သူများကို အားလုံးက ကူညီဖေးမ စောင့်ရှောက်ပေးရန် လိုအပ်သကဲ့သို့ ဒေသန္တရအစိုးရအဖွဲ့အစည်းများကလည်း အရေးပေါ်စီမံခန့်ခွဲမှု အစီအမံများ ပြင်ဆင်ထားရန်လိုအပ်ကြောင်း။

ထို့ကြောင့် အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန်၊ ထိခိုက်လွယ်သူများကို ထိထိရောက်ရောက် ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များနှင့် ဒေသအလိုက် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိရန် အရေးကြီးသကဲ့သို့ နောက်ဆုံး အခြေအနေနှင့်အညီ Update ဖြစ်နေရန်လည်း လိုအပ်ကြောင်း၊ ယခုလို လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို နိုင်ငံတစ်ဝန်းရရှိရန်အတွက် လူဦးရေနှင့်အိမ် အကြောင်းအရာ သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန် လိုအပ်ကြောင်း။

### ပူးပေါင်းပါဝင်

ယနေ့ ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို တက်ရောက်လာကြသူများအနေဖြင့် မြန်မာနိုင်ငံ၏ မှတ်တိုင်တစ်ခုဖြစ်လာမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ် အကြောင်းအရာသန်းခေါင်စာရင်းကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ထို့ကြောင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ဆောင်ပုဒ်ဖြစ်သည့် **“ပြည်သူအားလုံး ပါဝင်လို့၊ သန်းခေါင်စာရင်း ကောက်ကြစို့” “A nation-wide census, let us all participate”** ဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူဦးရေ၏ အခန်းကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

### ဗီဒီယိုကလစ်ကိုပြသ

ယင်းနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်ဖြစ်သည့် “ထိခိုက်လွယ်သူဖေးမကူ၊ အရေးပေါ်က စောင့်ရှောက်ကြ” ဗီဒီယိုကလစ်ကို ပြသသည်။

ဆက်လက်၍ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်နာယက နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ၂၀၂၄ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**✽ အရေးပေါ်အခြေအနေတွင် အသုံးပြုနိုင်ရန်၊ ထိခိုက်လွယ်သူများကို ထိထိရောက်ရောက် ကူညီပံ့ပိုးပေးနိုင်ရန်အတွက် ကိန်းဂဏန်းအချက်အလက်များနှင့် ဒေသအလိုက် လူမှုစီးပွားဆိုင်ရာ အချက်အလက်များရရှိရန် အရေးကြီးသကဲ့သို့ နောက်ဆုံးအခြေအနေနှင့်အညီ Update ဖြစ်နေရန်လည်း လိုအပ်**

**✽ ယခုလို လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အချက်အလက်များကို နိုင်ငံတစ်ဝန်းရရှိရန်အတွက် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မဖြစ်မနေကောက်ယူရန်လိုအပ်**

## မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (စတုတ္ထအကြိမ်) ပိတ်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ မဲဆန္ဒရှင်စာရင်းများ စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (စတုတ္ထအကြိမ်) ပိတ်ပွဲ အခမ်းအနားကို ယနေ့ညနေပိုင်းတွင် တည်းခိုရေးစခန်း (ရွာတော်)၌ ကျင်းပသည်။

### ပြန်လည်မျှဝေလက်ဆင့်ကမ်း

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့်က မဲစာရင်းများ ပြည့်စုံမှန်ကန်စွာ ဆောင်ရွက်နိုင်စေရန် မဲဆန္ဒရှင်စာရင်းများစီမံခန့်ခွဲမှုစနစ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့သည်မှာ ယခုဆိုလျှင် စတုတ္ထအကြိမ်အထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆွေးနွေးပွဲများမှရရှိသည့် နည်းလမ်းများ၊ အကြံဉာဏ်များဖြင့် မဲဆန္ဒရှင်စာရင်းပြုစုရာ၌ အင်တိုက်အားတိုက် မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဆွေးနွေးပွဲက ရရှိသော အတွေ့အကြုံများကို အခြားဝန်ထမ်းများအား ပြန်လည်မျှဝေ လက်ဆင့်ကမ်းပေးရန်ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်တိကျရေး ကော်မရှင်အဖွဲ့ခွဲအသီးသီး၏ စုပေါင်းအားဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရန်နှင့် သက်ဆိုင်ရာဌာနများဖြစ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကော်မရှင်အနေဖြင့် မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးသာမက ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မဲစာရင်းများ ပြည့်စုံ မှန်ကန်ရေးသည် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သည့်အတွက် အလေးအနက်ထား ဂရုတစိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်နှင့် ဘက်လိုက်မှုမရှိဘဲ အများက ယုံကြည်လက်ခံသည့် လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ များမှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပညာသင်ထောက်ပံ့ခြင်းနှင့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာ ကျောင်းများတွင် တက်ရောက် သင်ကြားလျက်ရှိသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ခြင်းနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ဝန်ထမ်းများ၏သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအဖွဲ့အစည်းများမှ အကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် အနာဂတ် ပညာရေး တိုးတက်ကောင်းမွန်စေရန် **“တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်း လက်လှမ်းမီသည့် ဘက်စုံ ပညာရေးစနစ်ကို အကောင်အထည် ဖော်ဆောင်ရေး”** ဟူသည့် လူမှုရေးဦးတည်ချက် ပါဝင်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းရှိသော ပညာတတ်များစွာ ပေါ်ထွန်းလာရေး အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝန်ထမ်းသားသမီးများထဲမှ ဘာသာစုံဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၁၄ ဦး အပါအဝင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၂၇ ဦးတို့ကို **“ချီးမြှင့်ထိုက်သူကို ချီးမြှင့်ခြင်း”** ဟူသည့် မင်္ဂလာတရားတော်နှင့်အညီ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများအနေဖြင့် **“ယနေ့ လူငယ် နောင်ဝယ်လူကြီး”** ဆိုရိုးစကားအတိုင်း နိုင်ငံ့တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမည့်သူများဖြစ်ရာ ပညာထူးချွန်သော လူတော်လူကောင်းများ ဖြစ်လာစေရေး၊ ဘက်စုံထူးချွန်သူများ ဖြစ်လာစေရေး အစဉ်ကြိုးပမ်းသွားကြရန်၊ အဆင့်အတန်းမြင့်မားသည့် ပညာရပ်များကို ကြိုးစားသင်ယူပြီး မိမိအကျိုး၊ မိသားစုအကျိုး၊ နိုင်ငံတော်အကျိုး သယ်ပိုးနိုင်သည့် ထူးချွန်ထက်မြက်သည့် လူငယ်များ ဖြစ်လာကြစေရေး ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး ၂၀၂၃- ၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝန်ထမ်းသားသမီးများထဲမှ ဘာသာစုံဂုဏ်ထူးရှင်များ၊ မိဘများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**ဆုများ ချီးမြှင့်ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက အခြေခံပညာ ကျောင်းများတွင် ပညာ သင်ကြားနေကြသည့် ဝန်ထမ်းများ၏ သားသမီးများအတွက် ကျောင်းသုံးစာရေးကိရိယာများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ယင်းနောက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအတွက် ဝန်ထမ်းတစ်ဦးက လည်းကောင်း၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကိုယ်စား ဆုရရှိသည့် ကျောင်းသားတစ်ဦးက လည်းကောင်း ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြပြီး ဆုရရှိသူ ကျောင်းသား ကျောင်းသူများ၊ မိဘများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် ယနေ့ အခမ်းအနားတွင် အခြေခံပညာအဆင့် ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူ ၁၆၁၇၇ ဦးအတွက် ကျောင်းသုံးစာရေးကိရိယာနှင့် ဗလာစာအုပ်များ၊ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သူ ၁၂၇ ဦးအား ဂုဏ်ပြုလွှာနှင့် ဆုငွေများ ထောက်ပံ့ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝန်ထမ်းသားသမီးများထဲမှ ငါးဘာသာဂုဏ်ထူးရှင်များ၊ မိဘများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝန်ထမ်းသားသမီးများထဲမှ လေးဘာသာ ဂုဏ်ထူးရှင်များ၊ မိဘများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။



# တောင်ငူမြို့ အထက (၁) ၌ လူကုန်ကူးမှု အသိပညာပေးဟောပြော

**တောင်ငူ ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (တောင်ငူ)က ဦးဆောင်၍ လူကုန်ကူးမှုအသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်သည်။

**အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ**

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းအုပ်ဆရာမကြီး နော်ဖောဇာအေးက အဖွင့်အမှာစကားပြောကြားပြီး အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (တောင်ငူ)မှ ဒုတိယရဲမှူး ဇော်ထူးအောင်က လူကုန်ကူးမှုပေါ်ပေါက်လာပုံသမိုင်း၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေနှင့် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးဥပဒေပါ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေအကြောင်းတို့ကို ဟောပြောဆွေးနွေးပြီး ဟောပြောပွဲသို့ တက်ရောက်သည့် ကျောင်းသား ကျောင်းသူ ၇၁ ဦးအား လူကုန်ကူးမှုအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# နိုင်ငံရေးပါတီ (၂၃) ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း( ၆ )ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၁)ရက်

၁။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း မြောက်ပိုင်းမဟာမိတ် (၃)ဖွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်မြေဒေသများအတွင်း **၁၀၂၇ စစ်ဆင်ရေး**အမည်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ စတင်ပြုလုပ်ခဲ့ပါသည်။ ၎င်းနောက် MNDAA/TNLA/AA နှင့် ယင်းအဖွဲ့အစည်းများအား ကူညီဆက်စပ်၊ ပါဝင်ပတ်သက်နေသော အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းများသည် ပစ်ခတ်တိုက်ခိုက်မှုများ ရပ်စဲထားမှုကို အခွင့်ကောင်းယူပြီး ၂၀၂၄ ခုနှစ်၊ ဇွန်လမှစ၍ **၁၀၂၇ ဒုတိယလှိုင်း**အမည်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများအား ထပ်မံလုပ်ဆောင်လာခဲ့ပါသည်။

၂။ ယခုအခါ အထက်ပါ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများသည် အပြစ်မဲ့ပြည်သူများအား သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သော အများပြည်သူနေထိုင်ရာ မြို့ကြီးများအား အဝေးမှ လက်နက်ကြီးများ၊ Drop Bomb များဖြင့် ပစ်ခတ်ခြင်း၊ ၎င်းတို့နှင့် လူမျိုးမတူသူ တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များအား လုပ်ဆောင်လျက်ရှိနေပါသည်။

၃။ ကျွန်ုပ်တို့နိုင်ငံရေးပါတီများအနေဖြင့် လက်ရှိဖြစ်ရပ်များအပေါ် အောက်ပါအတိုင်း ရှုမြင်သုံးသပ်ပါသည်-

(က) မြန်မာနိုင်ငံ သမိုင်းတစ်လျှောက် ရှေးပဝေသဏီကပင် တိုင်းရင်းသားလူမျိုးစုများသည် နိုင်ငံတစ်ဝန်း ချစ်ကြည်ရင်းနှီးစွာ အတူရောနှော ပျံ့နှံ့နေထိုင်လေ့ရှိခဲ့ကြပါသည်။ သို့ရာတွင် အထက်ပါ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများသည် ၎င်းတို့နှင့် လူမျိုးစုမတူသော အခြား တိုင်းရင်းသားမျိုးနွယ်စုများအား ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ ခြိမ်းခြောက်နှင်ထုတ် ပြောင်းရွှေ့စေခြင်းသည် တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားမျိုးနွယ်စုများ၏ စည်းလုံးညီညွတ်မှုကို ရည်ရွယ်ချက်ရှိရှိ ဖြိုခွဲဖျက်ဆီးခဲ့ရုံသာမက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် **ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၏ ပုဒ်မ(၃၅၅)ပါ "နိုင်ငံသားတိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မည်သည့်အရပ်ဒေသ၌မဆိုဥပဒေနှင့်အညီအခြေစိုက်နေထိုင်ခွင့်ရှိသည်"** ဟူသော ပြဋ္ဌာန်းချက်အား အတိအလင်းချိုးဖောက်ခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။

(ခ) အထက်အပိုဒ်ပါအကြမ်းဖက်သောင်းကျန်းသူ အဖွဲ့အစည်းများသည် ၎င်းတို့ထိန်းချုပ်ထားသည့် နယ်မြေဒေသအတွင်းမှ အခြားတိုင်းရင်းသားမျိုးနွယ်စုများကို အကြမ်းဖက်ခြိမ်းခြောက်နှင်ထုတ်ခြင်းသည် **အပြည်ပြည်ဆိုင်ရာ လူ့အခွင့်ရေးကြေညာစာတမ်း အပိုဒ် ၁၃(၁)ပါ "လူတိုင်းတွင် မိမိ၏နိုင်ငံနယ်နိမိတ်အတွင်း၌ လွတ်လပ်စွာသွားလာရွှေ့ပြောင်းနိုင်ခွင့်၊ နေထိုင်ခွင့်ရှိသည်"**ဟူသော ပြဋ္ဌာန်းချက်ကို အတိအလင်းချိုးဖောက်ခြင်းဖြစ်သည်ဟု ရှုမြင်ပါသည်။

(ဂ) ၎င်းအပြင် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ၏ အဆင့်ဆင့်သော ကြီးကြပ်ကွပ်ကဲသူများသည် တည်ဆဲဥပဒေများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်ချိုးဖောက်ခြင်း၊ နိုင်ငံတော်၏ကျေးဇူးသစ္စာကို ဖောက်ဖျက်ခြင်းနှင့် နိုင်ငံတကာက လက်ခံကျင့်သုံးနေသော လူ့အခွင့်အရေးများအား ချိုးဖောက်ခြင်းတို့ကို ပြုလုပ်နေကြောင်း ရှုမြင်ပါသည်။

၄။ ထို့ကြောင့် အကြမ်းဖက်အစွမ်းဝါဒကို မလိုလား၊ လက်မခံကြသော နိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားပြည်သူများကိုယ်စား ကျွန်ုပ်တို့ နိုင်ငံရေးပါတီများက အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် MNDAA/TNLA/AA နှင့် ၎င်းတို့နှင့် တိုက်ရိုက်၊ သွယ်ဝိုက်၊ ဆက်စပ် ပူးပေါင်းပါဝင်ကူညီပေးနေကြသော အဖွဲ့အစည်းများအားလုံးကို လုံးဝ(လုံးဝ) လက်မခံ၊ ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ပါသည်။

၅။ ၎င်းအပြင် နိုင်ငံရေးပါတီများ၏ ရှုမြင်သုံးသပ်ချက်များအပေါ် မူတည်၍ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများက အောက်ပါအတိုင်း ပိုမိုအရှိန်မြှင့် ဆောင်ရွက်ပေးနိုင်ပါရန် အကြံပြုအပ်ပါသည်-

(က) အထက်ပါ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်လက်နက်ကိုင် အဖွဲ့အစည်းများအားအကြမ်းဖက်အုပ်စုများအဖြစ် နိုင်ငံတွင်း၌သာမက နိုင်ငံတကာကပါ သိရှိလက်ခံနိုင်ရန်ဆောင်ရွက်ခြင်း။

(ခ) အထက်ပါ အကြမ်းဖက်အဖွဲ့အစည်းများ၏ အဆင့်ဆင့်သော ကြီးကြပ်ကွပ်ကဲသူများအား အကြမ်းဖက်သမားများအဖြစ် သတ်မှတ်ကြေညာ၍ အာဆီယံရဲတပ်ဖွဲ့ဌာနချုပ်၊ နိုင်ငံတကာရဲတပ်ဖွဲ့ဌာနချုပ်တို့နှင့် ဆက်သွယ်၍လည်းကောင်း၊ နိုင်ငံတကာရဲတပ်ဖွဲ့အချင်းချင်း ဆက်သွယ်၍လည်းကောင်း လိုအပ်သလို ကန့်သတ်၊ ထိန်းချုပ်ခြင်းများ ဆောင်ရွက်ခြင်း။

၆။ သို့ဖြစ်ပါ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည့် MNDAA / TNLA / AA ၊ ယင်းတို့နှင့် ဆက်စပ်ပတ်သက်နေသော အဖွဲ့အစည်းများနှင့် ယင်းတို့၏ လုပ်ရပ်များကို ဆန့်ကျင်၊ ရှုတ်ချ၊ ကန့်ကွက်ပါကြောင်း ကျွန်ုပ်တို့နိုင်ငံရေးပါတီများက လက်မှတ်ရေးထိုး ပူးတွဲသဘောထား ထုတ်ပြန်ကြေညာအပ်ပါသည်။

| စဉ် | အမည် | ပါတီတာဝန် | ပါတီအမည် | လက်မှတ် |
|---|---|---|---|---|
| ၁။ | ဦးခင်ရီ | ဥက္ကဋ္ဌ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | |
| ၂။ | ဦးငွေကျော် | ဥက္ကဋ္ဌ | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | |
| ၃။ | ဦးခေါ်တိန့် | အတွင်းရေးမှူး | ဒီမိုကရေစီပါတီသစ်(ကချင်) | |
| ၄။ | ဦးဟန်ရွှေ | ဥက္ကဋ္ဌ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | |
| ၅။ | ဦးအေးကြိုင် | ဥက္ကဋ္ဌ | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | |
| ၆။ | ဦးလီပေါ်ရဲ့ | ဥက္ကဋ္ဌ | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ (ဒူးလေးပါတီ) | |
| ၇။ | ဦးဦးသန်းငွေ | ဒုတိယဥက္ကဋ္ဌ | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၈။ | ဦးထွန်းအောင် | ဥက္ကဋ္ဌ | အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၉။ | ဦးသိန်းကြည် | ဥက္ကဋ္ဌ | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | |
| ၁၀။ | ဦးကျော်ဇင် | ဥက္ကဋ္ဌ | ပြည်သူ့အလုပ်သမားပါတီ | |
| ၁၁။ | ဦးကျော်စွာစိုး | ဥက္ကဋ္ဌ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | |
| ၁၂။ | ဦးစိုင်းအောင်မြင့်နိုင် | တွဲဖက်အတွင်းရေးမှူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ(ကျားဖြူပါတီ) | |
| ၁၃။ | ဦးတင်ဆွေ | ဒုတိယဥက္ကဋ္ဌ | ဒီမိုကရက်တစ်ပါတီ | |
| ၁၄။ | ဦးစံသာအောင် | ဥက္ကဋ္ဌ | မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | |
| ၁၅။ | ဦးခိုင်မင်း | ဒုတိယဥက္ကဋ္ဌ | အမျိုးသားဒီမိုကရေစီပါတီသစ် | |
| ၁၆။ | ဦးအောင်မြိုးကျော် | နာယက | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | |
| ၁၇။ | ဦးအောင်ဘ | ဗဟိုအလုပ်အမှုဆောင် | ခူမီး အမျိုးသားပါတီ | |
| ၁၈။ | ဒေါ်စောယုမာ | ဥက္ကဋ္ဌ | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့်ညီညွတ်ရေးပါတီ | |
| ၁၉။ | ဦးထွန်းအောင်ကျော် | ဥက္ကဋ္ဌ | ခေတ်သစ်ပြည်သူ့ပါတီ | |
| ၂၀။ | ဦးရဲထွန်း | ဥက္ကဋ္ဌ | ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | |
| ၂၁။ | ဦးအေးလွင် | ဥက္ကဋ္ဌ | ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ | |
| ၂၂။ | ဦးပါစီပြည်ဟိန်း | ဥက္ကဋ္ဌ | လူထုပါတီ | |
| ၂၃။ | ဦးမင်းမျိုးတင့်လွင် | ဥက္ကဋ္ဌ | မွန်တိုးတက်ရေးပါတီ | |

(၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်ဆောင်းပါး

# အာဇာနည်နေ့မှာ ပြန်ပြောင်းအမှတ်ရဆင်ခြင်စရာ . . .

ငြိမ်းချမ်းအောင်

**သည်နှစ် ရန်ကုန်မှာ မိုးကောင်းသည်။ မြန်မာပြည်၏ မုတ်သုံရာသီထုံးစံအတိုင်း ဝဋ္ဋာတစ်ခွင်လုံး အုံ့မှိုင်းလို့နေသည်။ မိုးက တစိမ့်စိမ့်၊ တစွေစွေ၊ ရံဖန်ရံခါ သဲသဲမဲမဲ။ လွမ်းစရာ ရာသီဖြစ်ပါသည်။**



(၇၆)နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်အနီးရှိ အာဇာနည်ဂူဗိမာန်သို့ ပြည်သူများ လာရောက်ဂါရဝပြုကြစဉ်။

ဤလ ဤရာသီခါသမယအတွင်းမှာပင် မြန်မာ့နိုင်ငံရေးသမိုင်းတွင် မိုးသက်မုန်တိုင်းကြီးတစ်ခု ကျရောက်ခဲ့ပါသည်။ အကြမ်းဖက်ဝါဒကို လက်ကိုင်ထားခဲ့သော အကြမ်းဖက်သမားတို့၏ လက်ချက်ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ကြရသည်။ ယခု ၂၀၂၄ ခုနှစ် ဇူလိုင် ၁၉ ရက်ဆိုလျှင် ၇၇ နှစ်တိုင်ခဲ့ပြီ။ သို့တစေ မြန်မာတစ်ပြည်လုံး ဝမ်းနည်းလို့မဆုံး။ မျိုးဆက်အလီလီ လွမ်းလို့မဆုံးနိုင် ဖြစ်ခဲ့ကြရသည်။

ဆရာကြီးမောင်ထင်က **"ဗမာ့နိုင်ငံရေးသုခမိန်"** ဆောင်းပါးတွင် **"ဗိုလ်ချုပ်ဆုံးသောနေ့၌ ကျွန်တော်သည် မိုးရွာထဲတွင် မော်တင်လမ်းမှသည် အသံလွှင့်ရုံသို့ တကိုယ်တည်း ခြေလျှင် လျှောက်ပြန်ရင်း၊ တောင်မြောက်လေးပါးတို့ကို တွေးမိသည်။ ကျွန်တော်၏ ညီငယ်သည် သစ္စာဖောက်သော ဗမာတစ်ယောက်၏ လက်ချက်ကြောင့် ဂျပန်အသတ်ခံရသည်။ သတ်သူမှာ ဂျပန်ဖြစ်သောကြောင့် တော်ပါသေး၏။ ဗိုလ်ချုပ်သည် သစ္စာဖောက်သော ဗမာတစ်ယောက်၏ လက်ချက်ကြောင့် ဗမာအသတ်ခံရသည်။ ဩော် ချစ်လိုက်ရတဲ့ အမျိုး။ သည်အမျိုးကိုမှ ချစ်မိရပလေ။ ယခုနေအခါ ဗိုလ်ချုပ်ကိုနှိုး၍ ရလျှင် နှိုးပြီး မေးလိုက်ချင်စမ်းသည်။ အမျိုးကို ချစ်သေးသလား။**

**မမေးနှင့်တော့၊ မမေးနှင့်တော့။ ဗိုလ်ချုပ်နိုးလာလျှင် 'ချစ်သေးတယ်'ဟူ၍ပင်လျှင် ဖြေဦးမည်"**ဟူ၍ မချိတင်ကဲ ရေးသားခဲ့ပါသည်။

မှန်ပါသည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ကိုလိုနီနယ်ချဲ့ ဗြိတိသျှအစိုးရ၏ နောက်ကွယ်မှ ကြိုးကိုင်စီမံမှုမှတစ်ဆင့် အာဏာကို မက်မောသော၊ မနာလိုမရှုဆိတ်သော၊ ရန်ငြိုးအာဃာတကြီးမားသော ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံသား မသမာသူ လူတစ်စု၏ လုပ်ကြံမှုကြောင့်ပင် ကျဆုံးခဲ့ရခြင်းဖြစ်သည်။

## အတွင်းစာတစ်စောင် ရေးသားပေးပို့

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို မတတ်သာ၍ လွတ်လပ်ရေးပေးရတော့မည် ဖြစ်သော်လည်း တောင်တန်းဒေသများကို ချန်လှပ်ထားလို၍ ပင်လုံကွန်ဖရင့်အထိ နိုင်ငံရေးအရ ခြေရှုပ်မှုများ၊ ခြေထိုးမှုများကို အစွမ်းကုန်လုပ်ဆောင်ခဲ့ကြသည်။ ၁၉၄၄ ခုနှစ် မဟာမိတ်တပ်များ မြန်မာပြည်သို့ ပြန်လည်သိမ်းပိုက်နိုင်တော့မည်ဟု ယုံကြည်ကတည်းက ဘိလပ်အစိုးရ၏ မြန်မာပြည်ဆိုင်ရာ အတွင်းဝန် အေမာရီက **"မြန်မာပြည်ကိုပြန်လည်သိမ်းပိုက်ပြီးနောက် လွတ်လပ်ရေးပေးရသော အခြေအနေသို့ရောက်သော်လည်း ဗြိတိသျှအင်ပါယာ၏ စီးပွားရေးအရ ကြည့်သည်ဖြစ်စေ၊ ကာကွယ်ရေးဘက်မှ ကြည့်သည်ဖြစ်စေ တောင်တန်းနယ်ဒေသကို ဗြိတိသျှလက်အောက်၌ အနှစ်သုံးဆယ်မျှလောက် ထားပြီးမှဖြစ်မည်။ ထိုတောင်တန်းသားများသည် မြန်မာများကဲ့သို့ မဟုတ်။ ဗြိတိသျှကထိန်းသိမ်းထားရန် အမှန်လိုအပ်ပေသေးသည်"**ဟု အစရှိသော သဘောထားပါသည့် အတွင်းစာတစ်စောင်ကို အိန္ဒိယပြည်တွင်ရှိသော မြန်မာပြည်ဘုရင်ခံ ဆာဒေါ်မန်စမစ်ထံ ရေးသား ပေးပို့ခဲ့လေသည်။

## မိမိတို့ကိုအကျိုးပြုမည့် ရုပ်သေးအစိုးရမျိုးကို လိုချင်ခဲ့

စစ်ပြီးခေတ် နယ်ချဲ့စနစ်(ဝါ) ခေတ်သစ်ကိုလိုနီနယ်ချဲ့စနစ်သည် ရှေးကကဲ့သို့ နယ်ချဲ့သမားများ ကိုယ်တိုင် ကိုလိုနီနိုင်ငံများတွင် တိုက်ရိုက်ဝင်ရောက်အုပ်ချုပ်သောစနစ် မဟုတ်တော့ဘဲ မိမိတို့ကြိုးဆွဲရာကမည့် အစိုးရများရရှိအောင် ဆောင်ရွက်ပေးသော စနစ်သာ ဖြစ်ပေသည်။ နယ်ချဲ့ဗြိတိသျှတို့သည် လည်း မြန်မာပြည်ကို လွတ်လပ်ရေးမပေးလျှင် မဖြစ်တော့ကြောင်းသိသည့်အတိုင်း တစ်ဖက်တွင်လည်း လွတ်လပ်ရေးပေးရန် သဘောတူ၍ အခြားတစ်ဖက်တွင် လွတ်လပ်စမြန်မာနိုင်ငံတွင် မိမိတို့ဩဇာခံမည့်အစိုးရမျိုး (ဝါ) မိမိတို့ကိုအကျိုးပြုမည့် ရုပ်သေးအစိုးရမျိုးကို လိုချင်ခဲ့ကြသည်။

သို့အတွက် နယ်ချဲ့သမားသည် ကိုယ်ကျိုးမဖက်သော၊ တိုးတက်သော နိုင်ငံရေးအယူအဆရှိသော ဗိုလ်ချုပ်အောင်ဆန်းကို မလိုလားခဲ့ချေ။ ဗိုလ်ချုပ်သာ ဆက်လက်တည်ရှိနေပါက အရင်းရှင်နယ်ချဲ့သမားများအဖို့ လွတ်လပ်စမြန်မာနိုင်ငံတွင် ဆက်လက်ကုပ်သွေးစုပ်နိုင်တော့မည် မဟုတ်၍ ဗိုလ်ချုပ်ကို ဖယ်ရှားပစ်ရန် နောက်ကွယ်မှ ကြိုးပမ်းကြံစည်ခဲ့ကြလေသည်။

သို့ရာတွင် နယ်ချဲ့သမားသည် ပရိယာယ်အရာတွင် အလွန်ပါးနပ်လိမ္မာ ကျွမ်းကျင်သူများပီပီ ဗိုလ်ချုပ်အောင်ဆန်းကို ကိုယ်တိုင်သုတ်သင် ရှင်းလင်းခြင်းမပြုဘဲ သုတ်သင်ရှင်းလင်းပေးမည့် အမျိုးသားသစ္စာဖောက် လက်ပါးစေများကို ရှာခဲ့လေသည်။

တိုင်းပြုပြည်ပြုလွှတ်တော်ကျင်းပ၍ အလုပ်များနေချိန်တွင် ဆိုရှယ်လစ်ပါတီနှင့် ပြည်သူ့ရဲဘော်များက ဂဠုန်ဦးစောနှင့်ပတ်သက်၍ လှုပ်ရှားမှုများကို အဆက်မပြတ် တင်ပြလာကြသည်။ **"ဂဠုန်ဦးစောသည် အင်္ဂလိပ်အရာရှိကြီးတစ်ဦးနှင့် အဆက်အသွယ် ပြုလုပ်လျက်ရှိသည်။ နယ်မှ ၎င်း၏လက်ပါးစေ လူငယ်များကို ရန်ကုန်သို့ခေါ်ယူ၍ လျှို့ဝှက်လက်နက်သင်တန်း၊ နိုင်ငံရေးသင်တန်းများ ပေးလျက်ရှိသည်။ ဖဆပလထိပ်တန်းခေါင်းဆောင်များကိုလုပ်ကြံ၍ ဆူပူမှုများ ဖန်တီးမည့်လက္ခဏာရှိသည်"**ဟု ဖော်ပြကြသည်။

## အလေးအနက် သဘောမထားခဲ့ကြ

ဖဆပလနှင့် ဆိုရှယ်လစ်ပါတီမှ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဗဆွေက ထိုသတင်းများမှာ အရေးကြီးသည်ဟု ယူဆသည့်အတိုင်း ဗိုလ်ချုပ်ကိုလည်းကောင်း၊ ဦးနုကိုလည်းကောင်း တစ်ဦးချင်း တင်ပြသည်။ အလုပ်အမှုဆောင်အဖွဲ့တွင်လည်း အစီရင်ခံသည်။ သို့သော် ပုဂ္ဂိုလ်ခပ်များများက အလေးအနက် သဘောမထားခဲ့ကြချေ။ ဗိုလ်ချုပ်ကိုယ်တိုင်ကလည်း **"ဒီသတင်းတွေ မဖြစ်နိုင်ဘူး။ ခင်ဗျားလူတွေ သတင်းမရှိ သတင်းလုပ်ကြံပေးကြတာဖြစ်မှာပဲ"**ဟု ခါးခါးသီးသီးဆိုခဲ့သည်။

သို့သော် ကျားငစဉ်းလဲ နယ်ချဲ့သမားသည် ၎င်းတို့၏ မူလအစီအစဉ်အတိုင်း နောက်ကွယ်မှ ပိပိရိရိဖြင့် ကြံစည်လုပ်ဆောင်ခဲ့ကြသည်။ ၁၉၄၆ ခုနှစ် ဩဂုတ်လတွင် အင်္ဂလိပ်စစ်တပ်မှ လက်နက်ကိုင် ဗမာပုလိပ်အဖွဲ့၊ လက်နက်ဌာနသို့ တာဝန်လွှဲပြောင်းပေးပို့ခြင်းခံရသူ ကပ္ပတိန် Vivian သည် စောစောပိုင်းတွင် ဖိုက်ချ်လမ်း အရာရှိရိပ်သာ တိုက်ခန်းတစ်ခန်းတွင် နေထိုင်နေရာမှ အင်္ဂလန်မှ လိုက်လာသော သူ့မိန်းမနှင့် နေထိုင်ရန်ဟု အကြောင်းပြ၍ အေဒီလမ်းရှိ ဦးစော၏ အိမ်အနီးသို့ ပြောင်းရွှေ့လာခဲ့သည်။ မကြာမီ အိမ်ရှာဖွေစဉ်က တွေ့ဆုံသိကျွမ်းခဲ့သူ မေဂျာ Young ကလည်း သူ့မိန်းမ ရောက်လာ၍ အိမ်မရသေးခင်စပ်ကြား ကပ္ပတိန် Vivian အိမ်၌ ခေတ္တနေထိုင်ရန် ရောက်ရှိလာပြန်သည်။

ထို့နောက်မှာတော့ မေဂျာ Young က ဦးစောက သူ့အသက်အန္တရာယ်မှ ကာကွယ်စောင့်ရှောက်ရန် လက်နက်လိုသည်ဟူသော တောင်းဆိုမှုအရ ကပ္ပတိန် Vivian အား လက်နက်ရှာခိုင်းလေတော့သည်။ ကပ္ပတိန် Vivian ကလည်း သဘောတူ၍ လက်နက်ထုတ်ရန် တံဆိပ်နှိပ်ပြီး ပုံစံများကို ဦးစောအိမ်သို့ယူဆောင်၍ လက်မှတ်အတုများဖြင့် ပုံစံများကို ဖြည့်ခိုင်းစေခဲ့သည်။

၁၉၄၇ ခုနှစ် ဇူလိုင်လဆန်းခန့်တွင် ဦးစော၏ လက်ပါးစေ ဘညွှန့်နှင့် မောင်စိန်တို့သည် ပုလိပ်အယောင်ဆောင်ကာ အပေါင်းပါများနှင့်အတူ နံပါတ်အတု တပ်ဆင်ထားသော ၃ တန်ထရပ်ကားဖြင့် လက်နက်တိုက်မှ ဘရင်းဂန်းသေနတ်အလက် ၂၀၀ နှင့် ပြောင်းပိုများ၊ ကျည်ဆန်များကို ထုတ်ယူခဲ့ကြသည်။

၁၅-၇-၁၉၄၇ ရက်နေ့ထုတ် ဗမာ့ခေတ် သတင်းစာတွင် ထိုသတင်းကိုအကျယ်တဝင့် ဖော်ပြခဲ့ရာ မူလက ဂဠုန်ဦးစောတို့လူသိုက် အကြံပက်ပက်စက်စက်ကြံစည်နေသည်ဟု သတင်းပေးစဉ်က မယုံမကြည် ခါးခါးသီးသီးဖြစ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းက **"ကိုဗဆွေ၊ ခင်ဗျား သတင်းမှန်နေပြီထင်တယ်"**ဟု ပြောကြားခဲ့သည်ကို ကြားယောင်မိသေးသည်ဟု ဦးဗဆွေက **"မိုးသက်မုန်တိုင်းကျသည့်နေ့"**ဆောင်းပါးတွင် ပြန်ပြောင်းရေးသားခဲ့ပေသည်။

ဗိုလ်ချုပ်၏အစ်ကို ဝန်ကြီး ဦးဘဝင်းကလည်း ဦးစောတို့လူစု ဘရင်းဂန်းအလက် ၂၀၀ ခိုးထုတ်သွားသည်ဟု သတင်းစာများတွင် ပါလာသောအခါ **"များလွန်းလှတယ်ကွာ၊ ဟုတ်နိုင်မယ် မထင်ပါဘူး"**ဟု သူ့၏ညီတစ်ဦးဖြစ်သူ ဦးအောင်သန်းကို ပြောလေသည်။ **စာမျက်နှာ ၉ သို့** ✻

**❝ ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် သမိုင်းသင်ခန်းစာအရ ကိုလိုနီနယ်ချဲ့ လက်ဟောင်း၊ လက်သစ်တို့၏ သွေးထိုးလှုံ့ဆော်မှုများကို အလေးအနက် သတိပြုဆင်ခြင်ကြရန်နှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားခဲ့သော "တစ်တိုင်းပြည်လုံးကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်းတို့ကတခြား၊ ကချင်၊ ချင်း အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိမည်" ဟူသည့် ဗိုလ်ချုပ်၏ နောက်ဆုံးမိန့်မှာချက်များကို အမှတ်ရ၍ သမိုင်းသင်ခန်းစာအဖြစ်ရယူပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးအမြတ်ထား ❞**

✻ စာမျက်နှာ ၈ မှ

ဤသို့ဖြင့် **“သီလျှက်ကယ်၊ ဝိပါက်ရယ် ကြမ္မာငင်တော့”**ဟူသည့်အတိုင်း မြန်မာ့နိုင်ငံရေးသမိုင်းတွင် အရှက်ရဖွယ်ရာ အကျည်းတန် အရုပ်ဆိုးစေခဲ့သော ယူကျုံးမရဖြစ်ရပ်ဆိုးကြီး ပေါ်ပေါက်လာပါတော့သည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော အစိုးရအဖွဲ့ဝန်ကြီးများ ရန်ကုန်မြို့ အတွင်းဝန်ရုံးတွင် အစည်းအဝေးပြုလုပ်နေခိုက် နယ်ချဲ့သမားနှင့် ပြည်တွင်းသစ္စာဖောက်တို့၏ လက်ချက်ဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ဝန်ကြီးများဖြစ်ကြသော သခင်မြ၊ မန်းဘခိုင်၊ ဦးရာဇတ်၊ ဦးဘဝင်းနှင့် အတွင်းဝန် ဦးအုန်းမောင်၊ ဦးရာဇတ်၏ သက်တော်စောင့်ရဲဘော် ကိုထွေးတို့မှာ ပွဲချင်းပြီး ကျဆုံးခဲ့ကြရပြီး ဝန်ကြီး ဒီးဒုတ်ဦးဘချိုနှင့် မိုင်းပွန်စော်ဘွားကြီးတို့မှာ ဆေးရုံရောက်မှ အသက်ပျောက်ခဲ့ရရှာသည်။

**တရားဥပဒေအတိုင်း မိုက်ပြစ်ကို ခံခဲ့ကြရ**

နယ်ချဲ့သမားတို့၏အလိုကျ ကိုယ်ထိလက်ရောက်ကျူးလွန်ခဲ့ကြသော ဦးစောနှင့် လက်ပါးစေအပေါင်းပါများသည်လည်း တရားဥပဒေအတိုင်း မိုက်ပြစ်ကို ခံခဲ့ကြရပါသည်။ မေလ ၁ ရက်နေ့ထုတ် အိုးဝေသတင်းစာ၏ **“ဤမိုး ဤမြေ”** အခန်းတွင် သတင်းစာဆရာကြီး အိုးဝေညီမြကြ မောင်သုမနကလောင်အမည်ဖြင့် **“ဗမာ့ဝဋ်ကြွေး”**ဟု ခေါင်းစဉ်တပ်၍ **“မေလ ၈ ရက်နေ့မှာ ဦးစောကို ကြိုးပေးတော့မယ်။ ဒီသတင်းမျိုးကြားရတာ စိတ်ညစ်တယ်ဗျာ။ အခုအချိန်မှာ တိုင်းသူပြည်သားအားလုံးလဲ ဒီသတင်းမျိုးကို ကြားချင်သူရှိမယ်မဟုတ်ဘူး။ အစက ဒီလိုအဖြစ်မျိုးရောက်အောင် မဖန်တီးခဲ့ကြရင်ကောင်းမှာပဲ။ ဗိုလ်ချုပ်အောင်ဆန်းတို့လဲ မသေမပျောက်ပဲ ပျော်ပျော်ရွှင်ရွှင်ရှိနေစေချင်တယ်။ ဦးစောလဲ အခုလို သားမယားနဲ့ကွေကွင်းရမယ့်အဖြစ်ကို မမြင်ရက်ဖူး။ အမိမြန်မာပြည်ရဲ့ သားကြီးများပီပီ အချင်းချင်းသင့်မြတ်ခင်မင်စွာ တိုင်းကျိုးပြည်ကျိုးဆောင်နေကြတာပဲ တွေ့မြင်ချင်တာပဲ။**

**ဒီအမှုကြီးကို အစအဆုံး တရားအတိုင်းစီရင်ပြီးရင် အမိမြန်မာပြည်ကြီးဟာ နောင်အခါမှာ ဒီလိုပူဆွေးဒုက္ခမျိုးဘယ်တော့မှ မရောက်ပါစေနဲ့လို့ လှိုက်လှဲစွာဆုတောင်းပါတယ်။ ဒီလိုအဖြစ်မျိုးကို နောင်မှာ မဖြစ်ကြရအောင် နိုင်ငံရေးခေါင်းဆောင်လုပ်သူများ အထူးသတိပြုကြပါခင်ဗျား။**

**တမလွန်ဘဝတွင် ဗိုလ်ချုပ်အောင်ဆန်းနဲ့ ဦးစော ပြန်လည်မိတ်ဆက်ကာ လွတ်လပ်တဲ့ ဗမာပြည်၌ ညီရင်းအကိုများအဖြစ် ပြန်လည်မွေးဖွားပြီး တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ပါစေဆုတောင်းပါတယ်။ လွတ်လပ်သော မြန်မာပြည်ကြီး တည်တန့်ပါစေသော်”** ဟူ၍ စသည်ဖြင့် ရေးသားဖော်ပြခဲ့ပါသည်။

၇၇ နှစ်တိုင်ခဲ့လေပြီ။ မျက်မှောက်ကာလတွင်လည်း ကိုလိုနီနယ်ချဲ့လက်ဟောင်း၊ လက်သစ်တို့သည် မြန်မာ့နိုင်ငံရေးတွင် နည်းလမ်းပေါင်းစုံဖြင့် ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေဆဲပင်။ နယ်ချဲ့လက်ဟောင်းက မစားရသည့်အမဲ သဲနှင့်ပက်နေသလို ကိုလိုနီနယ်ချဲ့လက်သစ်များကလည်း ပထဝီနိုင်ငံရေးအရ အရေးပါသော မြန်မာနိုင်ငံတော်ကြီးတွင် ၎င်းတို့ဩဇာခံကြိုးဆွဲရာကမည့် အစိုးရမျိုးမရမချင်း အိမ်ကြက်ချင်းအိုးမဲသုတ်၍ ခွပ်ခိုင်းစေပြီး မြန်မာပြည်ကြီး ပျက်စီးရာပျက်စီးကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပျက်ပြားရာပျက်ပြားကြောင်း နောက်ကွယ်မှ အစွမ်းကုန် သွေးထိုးလှုံ့ဆော် ဖန်တီးလုပ်ဆောင်နေကြဆဲပင်။

**သွေးထိုးလှုံ့ဆော်မှုများကို သတိပြုဆင်ခြင်**

သို့ဖြင့် ၂၀၂၄ ခုနှစ် (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် သမိုင်းသင်ခန်းစာအရ ကိုလိုနီနယ်ချဲ့လက်ဟောင်း၊ လက်သစ်တို့၏ သွေးထိုးလှုံ့ဆော်မှုများကို အလေးအနက် သတိပြုဆင်ခြင်ကြရန်နှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းမိန့်ကြားခဲ့သော **“အချင်းချင်းသဘောကွဲလွဲမှုမျိုးကတော့ နည်းနည်းပါးပါးတော့ရှိမှာပဲ။ ဒါပေမယ့် သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့အသက်စွန့်ပြီး မလျှော့တမ်း ကာကွယ်တိုက်ခိုက်တာကတော့ အားလုံးနဲ့သက်ဆိုင်တဲ့အလုပ်မျိုးဖြစ်တယ်။**

**တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်းတို့ကတစ်ခြား၊ ကချင်၊ ချင်း အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိမည်”**ဟု မိန့်မှာချက်ကိုလည်းကောင်း။

**“ဗမာတွေ စိတ်ထက်သလေး ဘာလေးနဲ့၊ တလွဲဆံပင်ကောင်းနေကြတယ်။ ဗမာပြည် လွတ်လပ်ရေးရအောင်လုပ်ရမယ့် တိုက်ပွဲမျိုးမှာ အသုံးမချဘူး။ ဗမာပြည် ပြန်လည်ထူထောင်ရေးမှာ အသုံးမချဘူး။ ဗမာချင်းချဖို့မှာ လုပ်ချင်တယ်။ ဒါမျိုးတွေလုပ်ချင်လို့ ဘယ်တော့မှ အကျိုးမရှိဘူး”**

**“ဒီတော့ကာ ခင်ဗျားတို့ဟာ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကိုရှိကြပါ။ လွတ်လပ်ရေးကိုလိုချင်ရင် လွတ်လပ်ရေးရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့ ယခုကတည်းက ခင်ဗျားတို့ ကိုယ့်အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ စောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီဆိုတာ ကျွန်တော် ယနေ့ပြောခဲ့ချင်တယ်”**ဟူသည့် ဗိုလ်ချုပ်၏ နောက်ဆုံးမိန့်မှာချက်များကိုလည်းကောင်း အမှတ်ရ၍ သမိုင်းသင်ခန်းစာအဖြစ်ရယူပြီး အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးအမြတ်ထား၍ နိုင်ငံတော်ကြီးအေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စုစုစည်းစည်း ညီညီညွတ်ညွတ်၊ ဦးထမ်းပဲ့ထမ်း ကြိုးပမ်းလုပ်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## တံတားမြို့တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**တံတား ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့တွင် (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇူလိုင် ၉ ရက် မွန်းလွဲ ၁ နာရီက အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် တံတားမြို့ အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်မိုးဖြူလွင်က အာဇာနည်နေ့ပေါ်ပေါက်လာပုံ နောက်ခံသမိုင်းအကျဉ်းနှင့် အာဇာနည်နေ့ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို အသိပညာပေးဟောပြောသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများက အာဇာနည်ကိုးဦးတို့၏ အတ္ထုပ္ပတ္တိအကျဉ်းများကို ဆွေးနွေးဟောပြောခဲ့ကြသည်။

**အောင်ဆွေ(ရွှေတံတား)**





## (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**ဒလ ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ဒလမြို့နယ်တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်ပြပွဲကို အထက(၂) ကုမုဒြာခန်းမ၌ ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် အထက(၂) အထက်တန်းပြ မြန်မာစာဆရာမ ဒေါ်ခင်ခင်သိန်းက အာဇာနည်နေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်းနှင့် အာဇာနည်ခေါင်းဆောင်ကိုးဦး၏ အတ္ထုပ္ပတ္တိအကြောင်းကို ဟောပြောခဲ့သည်။ အဆိုပါ ဟောပြောပွဲသို့ ပညာရေးစစ်ကြောင်း အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ ၁၅၆ ဦး တက်ရောက်ခဲ့ကြသည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော အာဇာနည်နေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**အေးမြမိုး(ပြန်/ဆက်)**

## “အာဇာနည်ဗိမာန်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း”

(၁) လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း စသည့်လက္ခဏာများ ဖြစ်ပွားလာပါက အခမ်းအနားသို့ လုံးဝလာရောက်ခြင်းမပြုရန်၊

(၂) ကိုယ်အပူချိန်မြင့်ခြင်း (အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ် လက္ခဏာများ စစ်ဆေးတွေ့ရှိပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်၊

(၃) အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသိပေးချက်အားတိကျစွာလိုက်နာဆောင်ရွက်ရန်။



ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့်(၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပစဉ်။

ကျော်ကျော်(ပြန်/ဆက်)

## မင်္ဂလာတောင်ညွန့်မြို့နယ်တွင် (၇၇)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ်ဟောပြော

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက အမှတ်(၃) အခြေခံပညာအထက်



တန်းကျောင်း မြတ်ဆရာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်မြင့်မြင့်ခိုင်က အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ ဟောပြောပြီး ကျောင်းသူကိုးဦးက အာဇာနည် ခေါင်းဆောင်ကြီးကိုးဦး၏အကြောင်းကို ပြောကြားသည်။

အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးနှင့်အထက်တန်း၊ အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ဆရာ ဆရာမကြီးများနှင့် ကျောင်းသူ ၂၀၀ ခန့် တက်ရောက်သည်။ ထို့ပြင် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများတွင် (၇၇)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ နံရံကပ်ပိုစတာပြိုင်ပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်သည် ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ် (မြောက်ပိုင်း)ရှိဗဟိုလေ့ကျင့်ရေးကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် Japan Myanmar Association (JMA) တို့ ပူးပေါင်းဖွင့်လှစ်မည့် သင်တန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု၊ စိုက်ပျိုးမွေးမြူရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ တင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားကာ သင်တန်းများအတွက် ကြိုတင်ပြင်ဆင်ထားရှိသည့် စာသင်ခန်းများ၊ အိပ်ဆောင်များ၊ စားရိပ်သာများနှင့် စိုက်ပျိုးမွေးမြူရေးဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ပရဟိတ (ကျားကျောင်း)နေရာဟောင်းရှိ ဗဟိုလေ့ကျင့်ရေးကျောင်းခွဲသို့ရောက်ရှိ၍ သင်တန်းများတိုးချဲ့ဖွင့်လှစ်နိုင်ရေးပြင်ဆင်ထားရှိရမည့် ကိစ္စရပ်များကို မှာကြားပြီး ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ညောင်နှစ်ပင် စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၃) အတွင်း ငါးမွေးမြူရေးကန်များ ဆောင်ရွက်ထားရှိသည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဥစားကြက်မွေးမြူရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံ လယ်ယာကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် လာအိုနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်

**ဗီယင်ကျန်း ဇူလိုင် ၁၁**

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လာအိုနိုင်ငံ Lao Asia Pacific Satellite Company Limited ၏ ဖိတ်ကြားမှုဖြင့် မြန်မာနိုင်ငံရှိ ရုပ်မြင်သံကြားကဏ္ဍနှင့် ဆက်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာစေရန်နှင့် မြန်မာ – လာအို နှစ်နိုင်ငံအကြားနည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးတို့အတွက် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ဇူလိုင် ၁၀ ရက် ညပိုင်းတွင် ရောက်ရှိကြသည်။



**ရှင်းလင်းပြသ**

ယနေ့ နံနက်ပိုင်းတွင် လာအိုအမျိုးသား ရုပ်မြင်သံကြားသို့ ရောက်ရှိပြီး Mr. Bounyaeng THAMMAVONG, Deputy Director General Broadcast and Channel Department နှင့် အဖွဲ့က လာအိုအမျိုးသားရုပ်မြင်သံကြား ဆောင်ရွက်နေမှုများကို ရှင်းလင်းပြသသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရုပ်မြင်သံကြား ထုတ်လွှင့်ဆောင်ရွက်နေမှုများကို လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် လာအိုနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးအောင်ကိုနှင့်အတူ လာအိုသိပ္ပံနှင့် နည်းပညာနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Academician Professor Boviengkham Vongdara နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ဒေသတွင်း ရင်းနှီးချစ်ကြည်မှု ခိုင်မြဲစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေး၊ ရုပ်မြင်သံကြားနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စများကို ဆွေးနွေးကြသည်။

**လေ့လာဆွေးနွေးသွားမည်**

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ခရီးစဉ်အတွင်း မြန်မာ့အသံနှင့် ပူးပေါင်း ဆောင်ရွက်နေသော မြန်မာနိုင်ငံမှ Borderless Broadcast Co.,Ltd. ၏ DTH စနစ် ထုတ်လွှင့်ရေး ဆိုင်ရာများနှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဆက်သွယ်မှုခက်ခဲသော အခြေခံပြည်သူများအတွက် DTH Set Top Box နှင့် ဆိုလာဓာတ်အားပေးစနစ် အပါအဝင် ဆက်စပ်ပစ္စည်းများလှူဒါန်းမည့် အစီအစဉ်အတွက် လာအိုနိုင်ငံတွင် အလားတူဆောင်ရွက်လျက်ရှိသောစီမံကိန်းကို လေ့လာဆွေးနွေးသွားမည်ဖြစ်သည်။

ဒုတိယဝန်ကြီးနှင့်အတူ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမြင့်ကျော်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသူနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

**သတင်းစဉ်**

# မော်လမြိုင်မြို့၌ စွန့်ပစ်အမှိုက်များ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**မော်လမြိုင် ဇူလိုင် ၁၁**

မွန်ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏လမ်းညွှန်မှုဖြင့် မော်လမြိုင်မြို့ ကမ်းနားလမ်း သံလွင်မြစ်ကမ်းဘေးတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးနှင့် ပလတ်စတစ်စွန့်ပစ်အမှိုက်များ ပင်လယ်အတွင်းမျောပါမှုမရှိစေရေးအတွက် စုပေါင်းရှင်းလင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

**စုပေါင်းရှင်းလင်း**

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြတ်ယုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးတင်ယုနှင့်အဖွဲ့ဝင်များ၊ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ စုစုပေါင်းအင်အား ၃၀၀ ခန့်သည် မော်လမြိုင်မြို့ ကမ်းနားလမ်း သံလွင်မြစ်ကမ်းဘေးတစ်လျှောက် ချုံနွယ်များ၊ မြက်ပင်များနှင့် စွန့်ပစ်ပလတ်စတစ်အမှိုက်များ ရှင်းလင်းခြင်း၊ ဆယ်ယူခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၁-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၀-၇-၂၀၂၄) ရက်နေ့ ည (၆:၀၀)နာရီမှ (၁၁-၇-၂၀၂၄)ရက်နေ့ ည (၆:၀၀)နာရီအထိ (၂၄) နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံ တက်ရောက်ကုသသူ လူနာသစ် (၈၄)ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၁၁) ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၁-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၃၃) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၁-၇-၂၀၂၄)ရက်နေ့ ညနေ (၆:၀၀)နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာစုစုပေါင်း (၂၅၀) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



## Digital Talent & Career Fair/ Scholarship Program (India) **အစီအစဉ် ဖွင့်လှစ်**

**နေပြည်တော် ဇူလိုင် ၁၁**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာနရှိသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာန၌ Digital Talent & Career Fair/ Scholarship Program (India) အစီအစဉ်ဖွင့်လှစ်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပါရမီလမ်းရှိ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာသုတေသနဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMF-CCI) ဥက္ကဋ္ဌနှင့် MDEA ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။


အဆိုပါအစီအစဉ်သည် သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာနနှင့် မြန်မာနိုင်ငံဒစ်ဂျစ်တယ် စီးပွားရေးလုပ်ငန်းရှင်များအသင်း (Myanmar Digital Economy Association- MDEA) တို့ ပူးပေါင်းဆောင်ရွက်သည့် ပထမဆုံးသော University-Research-Industry (URI) Model ဖြစ်ပြီး ကွန်ပျူတာ တက္ကသိုလ်များမှ နောက်ဆုံးနှစ် ကျောင်းသားများအကြား ဒစ်ဂျစ်တယ်စွမ်းရည်များကို မြှင့်တင်သည့် သုံးလကြာ Internship Program ဖြစ်သည်။ ယင်းတွင် နိုင်ငံ၏ ဒေသအသီးသီးမှ ကျောင်းသား ၈၃ ဦးကို ငွေကြေးကူညီထောက်ပံ့ခြင်းနှင့် ထူးချွန်ကျောင်းသား ၁၀ ဦးကို သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ သုတေသနဌာန၌ ဖွင့်လှစ်သော အိန္ဒိယနိုင်ငံအသိအမှတ်ပြု Professional Diploma in Java Programming Course တက်ရောက်ရန် ပညာသင်ဆုချီးမြှင့်ခြင်းတို့ ပါရှိသည်။

ယင်းအလုပ်သင်ကာလ သုံးလအတွင်း၌ ကျောင်းသားများ၏ စိတ်ပါဝင်စားမှု၊ ကျောင်းသားများအတွက် အရည်အသွေးဖြည့်ဆည်းရန် လိုအပ်မှုတို့အလိုက် ဆော့ဖ်ဝဲဖွံ့ဖြိုးတိုးတက်မှု (Software Development)၊ ကွန်ရက်ချိတ်ဆက်မှုဖွံ့ဖြိုးတိုးတက်ရေး (Networking Development) နှင့် ဉာဏ်ရည်တု AI (Artificial Intelligence) အယူအဆများဖြင့် IoT တွင် အသုံးချခြင်းဆိုင်ရာ လက်ဆင့်ကမ်း အတွေ့အကြုံများကို မျှဝေပေးမည်ဖြစ်သည်။

အခမ်းအနားတွင် အလုပ်သင် ကျောင်းသားများအတွက်အလုပ်အကိုင်အခွင့်အလမ်းပေးသည့်ကုမ္ပဏီ ၁၀ ခုမှ ပြခန်းများပါရှိပြီး အလုပ်အကိုင် အခွင့်အလမ်းအတွက် အင်တာဗျူးများနှင့် Professional Diploma in Java Programming Course (India) အတွက် ပညာသင်ဆု အခွင့်အလမ်းများ စီစဉ်ထားရှိသည်။ အလုပ်သင်ပရိုဂရမ်သည် ပထမဆုံးအကြိမ်စတင်အကောင်အထည်ဖော်ခြင်းဖြစ်ပြီး စဉ်ဆက်မပြတ် စီစဉ်အကောင်အထည် ဖော်မည်ဖြစ်ကာ မြန်မာ့ဒစ်ဂျစ်တယ်စီးပွားရေး (Digital Economy)၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ




## ကျိုက်လတ်၌ ပညာရေးဝန်ထမ်းများအား စားအုန်းဆီများ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေး

**ကျိုက်လတ် ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် ပညာရေးဝန်ထမ်းများအား စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်ရန် ယမန်နေ့နံနက်ပိုင်းက အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက် ရောင်းချပေးခဲ့သည်။

အဆိုပါ စားအုန်းဆီရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ စားသုံးသူရေးရာဦးစီးဌာန၊ မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းတို့က ကြီးကြပ်၍ စားအုန်းဆီ ၅၀ ကျပ်သားတစ်ဘူးလျှင် ငွေကျပ်၂၈၀၀ နှုန်းဖြင့် ပညာရေးဝန်ထမ်းများအား ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။ ထို့အပြင် ကျိုက်လတ်မြို့နယ် ဆီကုန်သည်ကြီးများအသင်းနှင့် ဆီလုပ်ငန်းရှင်များ ပူးပေါင်း၍ သတ်မှတ်ရက်များအလိုက် မြို့ပေါ်ရပ်ကွက်ကြီးများနှင့် ကျေးရွာများတွင်လည်း အခြေခံလူတန်းစားများ စားသုံးဆီကို ဈေးနှုန်းချိုသာစွာ ဝယ်ယူနိုင်ရန် လှည့်လည်၍ ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဝင်းရှိန် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပို့ချနေမှု ကြည့်ရှုအားပေး

**ရန်ကုန် ဇူလိုင် ၁၁**

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးရှိ အလုပ်သမားရေးရာ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပ မြို့နယ်ရှိ Mega Ace Hosptality Acedemy သင်တန်းကျောင်းသို့ သွားရောက်၍ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုအားပေးသည်။



**ဖွင့်လှစ်ပို့ချလျက်ရှိ**

ဦးစွာ သင်တန်းကျောင်း တာဝန်ခံက သင်တန်းကျောင်းကို ၂၀၂၃ ခုနှစ်မှ စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး Food & Beverage Service Course နှင့် House-keeping Operation Course သင်တန်းနှစ်မျိုးကို စာတွေ့ ၄၀ ရာခိုင်နှုန်း၊ လက်တွေ့ ၆၀ ရာခိုင်နှုန်းဖြင့် သင်တန်းကာလ တစ်လ၊ Internship နှစ်လဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း Food & Beverage Service Course နှင့် Housekeeping Operation Course သင်တန်းတို့အတွက် သင်တန်းသား ၁၁၃ ဦးနှင့် Housekeeping Operation Course ကို သင်တန်းသား ၁၁၁ ဦး သင်ကြားပို့ချပေးနိုင်ခဲ့ပြီး ပြည်ပအလုပ်အကိုင်အခွင့်အလမ်းအနေဖြင့် ၃၁ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းသား ၁၃၀ ကျော် သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ သင်ကြားနေသည့် သင်ရိုးညွှန်းတမ်းများသည် ဟိုတယ်လုပ်ငန်းခွင်တွင် မဖြစ်မနေ အသုံးချနေသည့် သင်ရိုးညွှန်းတမ်းများဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနယ်ပယ် ဝန်ဆောင်မှုအဆင့်အတန်း ပိုမိုကောင်းမွန်စေရေးနှင့် နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူ ဖြစ်စေရေး ရည်ရွယ်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက အလုပ်သမားဝန်ကြီးဌာန အနေဖြင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုပ်သားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရေးနှင့် ကျွမ်းကျင်လုပ်သားများအဖြစ် အသိအမှတ်ပြုနိုင်ရေးတို့ကို ဆောင်ရွက်လျက်ရှိရာ သင်တန်းကျောင်းများမှ မွေးထုတ်လိုက်သည့် သင်တန်းဆင်းများ၏ ကျွမ်းကျင်မှုများ တစ်ပြေးညီဖြစ်စေရေး ကျွမ်းကျင်မှုစံများနှင့်အညီ လေ့ကျင့်သင်ကြားနိုင်ရန် သင်တန်းကျောင်း အသိအမှတ်ပြုမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးလျက်ရှိကြောင်း၊ ကျွမ်းကျင်လုပ်သားများ ပိုမိုမွေးထုတ်ပေးနိုင်သည်နှင့်အမျှ နိုင်ငံတော်၊ အလုပ်ရှင်နှင့် ကာယကံရှင် လုပ်သားများအတွက် များစွာအကျိုးရှိကြောင်း၊ Mega Ace Hospitality Academy သင်တန်းကျောင်းမှ ဖွင့်လှစ်သည့် သင်တန်းများသည် သင်တန်းသားများအတွက် ပြည်တွင်း၊ ပြည်ပတွင် အလုပ်အကိုင်ကောင်းများ ရရှိနိုင်၍ ရည်ရွယ်ချက်ကောင်းမွန်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများသော အခြားဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမျိုးအစားများကို တိုးချဲ့ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် သင်တန်းဆင်းများအနေဖြင့် အရည်အသွေး အာမခံချက်ရှိစေရေး အတွက် NSSA အသိအမှတ်ပြုကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနများတွင် ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ခံယူနိုင်ရေး ဆောင်ရွက်ပေးသင့်ကြောင်းနှင့် ယခုဖွင့်လှစ်လျက်ရှိသည့် သင်တန်းနှစ်မျိုးအတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန တည်ထောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံခရိုင်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကျင်းပ

**သထုံ ဇူလိုင် ၁၁**

မွန်ပြည်နယ် သထုံခရိုင်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ယနေ့နံနက်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ဦးစွာ ပွဲတော်မှခ်ဦးအား ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်နိုင်နှင့် သထုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲနိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးရာဝန်ကြီးက စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးရေး၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စာဖတ်သည့်အလေ့အထများ ဖြစ်ပေါ်လာစေရေးနှင့် စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကားလာစေရန် ရည်ရွယ်ကာ ယခုပွဲတော်အား ကျင်းပရခြင်းဖြစ်ကြောင်း၊ စာပေဟောပြောပွဲ၊ စာပေစကားဝိုင်းများ ကျင်းပပေးခြင်းဖြင့် ကျောင်းသား ကျောင်းသူများ ဗဟုသုတ တိုးပွားကာ စာဖတ်သည့်အလေ့အကျင့် ရရှိစေမည်ဖြစ်ပြီး စာစီစာကုံး၊ ကျပန်းစကားပြော၊ ပုံပြင်နှင့် ကဗျာပြိုင်ပွဲများကျင်းပပေးခြင်းသည် ဉာဏစွမ်းရည် ဖွံ့ဖြိုးရေး ပံ့ပိုးပေးနိုင်သကဲ့သို့ တီထွင်ဆန်းသစ်မှုစွမ်းရည်များကိုလည်း အထောက်အပံ့ဖြစ်စေကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၂၀ အား ပေးအပ်ရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူသည်။ ဆက်လက်၍ အလှူရှင်က မွန်ပြည်နယ်အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပနိုင်ရေး အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



ယင်းနောက် ပြည်နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီနှင့် ခရိုင်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပရေးဦးစီးကော်မတီတို့မှ တာဝန်ရှိသူတို့က အထက်တန်းနှင့်အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံး၊ ပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုခြင်းပြိုင်ပွဲတို့မှ ဆုရကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

○ **ကျောဖုံးမှ**

ဖြစ်သောကြောင့် ကြိုတင်ကစားရခြင်းဖြစ်ပြီးနိုင်ပွဲရယူနိုင်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် နှစ်ပွဲဆက်အနိုင်ရခဲ့သော်လည်း ဒဂုံစတားအသင်း၏ တုံ့ပြန်မှုကြောင့် အိမ်ကွင်း၌ ခက်ခက်ခဲခဲကစားခဲ့ရသည်။

ပွဲဦးထွက်ပွဲတွင် အနိုင်ရထားသည့် နှစ်သင်း တွေ့ဆုံသောကြောင့် ပွဲမှာအပြန်အလှန်ရှိခဲ့ပြီး ၁၉ မိနစ်တွင် ထက်ဖြိုးဝေက ရှမ်းယူနိုက်တက်အသင်းအတွက် အဖွင့်ဂိုးစတင်သွင်းယူခဲ့သည်။ ဒုတိယပိုင်းအစတွင် ရှမ်းယူနိုက်တက်အသင်း ဒုတိယဂိုးထပ်ရခဲ့ပြီး အောင်ဝဏ္ဏစိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဒဂုံစတားအသင်းက ချေပဂိုးရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့ပြီး ၇၆ မိနစ်တွင် ဇင်မင်းထွန်းက ချေပဂိုးတစ်ဂိုးပြန်သွင်းခဲ့သည်။ ဒဂုံစတားအသင်းအနေဖြင့် ချေပဂိုးထပ်ရရန် ကြိုးပမ်းသော်လည်း ရှမ်းယူနိုက်တက်ဂိုးသမား ကျော်ဇင်ဖြိုးနှင့် နောက်ခံလူများ ကာကွယ်နိုင်ခဲ့သဖြင့် ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲဆက်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ရှမ်းယူနိုက်တက်ဂိုးသမား ကျော်ဇင်ဖြိုးက ရရှိသည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက နှစ်ပွဲကစား ခြောက်မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက နှစ်ပွဲကစား သုံးမှတ်ရရှိထားသည်။

ပွဲစဉ် (၂) ဒုတိယနေ့အဖြစ် ဇူလိုင် ၁၂ ရက် ညနေ ၃ နာရီခွဲတွင် YUSC ကွင်း၌ ရတနာပုံအသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MNL**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့်မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# သမ္မတ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ဂျိုးဘိုင်ဒင်အနေဖြင့် ပြန်လည်စဉ်းစားသင့်ဟု နန်စီပလိုစီပြောကြား

**ဝါရှင်တန် ဇူလိုင် ၁၁**

ဂျိုးဘိုင်ဒင်သည် သမ္မတ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ပြန်လည် စဉ်းစားသင့်သည်ဟု အမေရိကန် အောက်လွှတ်တော် ဥက္ကဋ္ဌဟောင်း နန်စီပလိုစီက ယမန်နေ့တွင် ပြောကြားသည်။

သမ္မတဟောင်း ဒေါ်နယ်ထရမ့်နှင့် ရုပ်မြင်သံကြား အချေအတင် စကားစစ်ထိုးပွဲ၌ ဘိုင်ဒင်၏ အားနည်းချက်များကြောင့် ရာထူးမှနုတ်ထွက်ရန် တောင်းဆိုမှုများ နိုင်ငံတစ်ဝန်း၌ မြင့်တက်လာခဲ့သည်။

သမ္မတဘိုင်ဒင် ရာထူးမှနုတ်ထွက်ရန် တောင်းဆိုမှုများကို ရင်ဆိုင်နေရကြောင်း ဇူလိုင် ၁၀ ရက်တွင် ပြုလုပ်သည့် MSNBC ရုပ်သံလိုင်းနှင့် အင်တာဗျူးတွင် နန်စီပလိုစီက ပြောကြားသည်။

သမ္မတရာထူးတာဝန်များ ထမ်းဆောင်ရန် ဘိုင်ဒင်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နိုင်ကြောင်းနှင့် သမ္မတ ရွေးကောက်ပွဲမှ နုတ်ထွက်ရန်လည်း ဘိုင်ဒင်အား ဖိုင်းဝန်းတိုက်တွန်းလျက်ရှိကြောင်း နန်စီပလိုစီက ပြောကြားသည်။

ဇွန်လတွင် ဘိုင်ဒင်အတွက် အဓိကရန်ပုံငွေပွဲတစ်ရပ်ကို ပူးတွဲကျင်းပခဲ့သည့် ကာလရှည်ဒီမိုကရက်တစ်ဦးဖြစ်သည့် ဟောလိဝုဒ်ကြယ်ပွင့် ဂျော့ချ်ကလိုနီက ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုသင့်ကြောင်း သမ္မတ ဘိုင်ဒင်ကို တောင်းဆိုခဲ့သည်။

အသက်အရွယ်ကြီးရင့်ပြီဖြစ်သည့်အတွက် သမ္မတဘိုင်ဒင်အနေဖြင့် သမ္မတရာထူးသက်တမ်းကို ဆက်လက်ထမ်းဆောင်ရန် မသင့်ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။ သည်နယူးယောက်တိုင်းမ်သတင်းစာ၏ ဆောင်းပါးတစ်ပုဒ်တွင် ဘိုင်ဒင်နှင့်ပတ်သက်ပြီး ဖော်ပြထားမှုများကို ထောက်ခံကြောင်းနှင့် ဒေါ်နယ်ထရမ့်နှင့် စကားစစ်ထိုးပွဲတွင် ဘိုင်ဒင်၏ အားနည်းချက်များသည် ၎င်း၏အသက်အရွယ်နှင့် သက်ဆိုင်ကြောင်း ဂျော့ချ်ကလိုနီက ထောက်ပြပြောကြားသည်။

ထို့ပြင် သမ္မတဘိုင်ဒင်အနေဖြင့် သမ္မတ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပါကလည်း အနိုင်ရမည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။



စားသောက်ကုန်ဈေးနှုန်းများနှင့် ငှားရမ်းခများ မြင့်တက်လျက်ရှိသည်ကို သတိပြုမိကြောင်းနှင့် ဒုတိယသက်တမ်းတွင် အဆိုပါ အကျပ်အတည်းများကို ဖြေရှင်းသွားမည်ဖြစ်သည့်အတွက် ပြည်သူများ၏ ထောက်ခံမဲလိုအပ်ကြောင်း ဇူလိုင် ၁၀ ရက်တွင်ပြုလုပ်သည့်အလုပ်သမားသမဂ္ဂအစည်းအဝေး၌ သမ္မတဘိုင်ဒင်က ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## ဗီယက်နမ်နိုင်ငံ၏ ပြည်ပသို့ ပင်လယ်စာတင်ပို့ရောင်းချမှုမှ အမြတ်ငွေ ကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံရရှိ

**ဟနွိုင်း ဇူလိုင် ၁၁**

ဗီယက်နမ်နိုင်ငံ၏ ပြည်ပသို့ ပင်လယ်စာတင်ပို့ရောင်းချမှုမှ ယခုနှစ်ပထမနှစ်ဝက်အတွင်း အမြတ်ငွေ ကန်ဒေါ်လာ ၄ ဒသမ ၄ ဘီလီယံရရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာ ထုတ်လုပ်တင်ပို့ရောင်းချသူများအဖွဲ့က ပြောကြားခဲ့သည်ဟု ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ဇွန်လအတွင်း ပင်လယ်စာတင်ပို့ရောင်းချခြင်းမှ ကန်ဒေါ်လာ ၈၇၅ သန်းရရှိခဲ့သည်။ ယင်းကာလအတွင်း ပုစွန်ကျော့တင်ပို့ခြင်းမှ ကန်ဒေါ်လာ ၁ ဒသမ ၆ ဘီလီယံနှင့် ပုစွန်တုပ်တင်ပို့ခြင်းမှ ကန်ဒေါ်လာ သန်း ၁၃၀ ရရှိခဲ့ကာ ဗီယက်နမ်နိုင်ငံမှ ပုစွန်တုပ်များကို တရုတ်နိုင်ငံက အများဆုံးဝယ်ယူသည်။

ယခုနှစ်ဒုတိယနှစ်ဝက်တွင် ပင်လယ်စာ တင်ပို့ခြင်းမှ အမြတ်ငွေ ကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံ ကျော်ရရှိရန် ခန့်မှန်းထားကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်စာ ထုတ်လုပ်တင်ပို့ရောင်းချသူများအဖွဲ့ တာဝန်ရှိသူ Nguyen Thi Thu Sac က ပြောကြားသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

## K–pop နာမည်ကျော် မိန်းကလေးအဖွဲ့ NewJeans အား ခရီးသွားလုပ်ငန်းဆိုင်ရာ ဂုဏ်ထူးဆောင် သံတမန်များအဖြစ် ခန့်အပ်

**ဆိုးလ် ဇူလိုင် ၁၁**

တောင်ကိုရီးယား အစိုးရသည် ပြည်တွင်းခရီးသွား လုပ်ငန်းကို မြှင့်တင်ရန်အတွက် K–pop နာမည်ကျော် မိန်းကလေးအဖွဲ့ NewJeans အား ခရီးသွားလုပ်ငန်းဆိုင်ရာ ဂုဏ်ထူးဆောင် သံတမန်များအဖြစ် ခန့်အပ်လိုက်ကြောင်း သိရသည်။

NewJeans အဖွဲ့ဝင်များသည် ဇူလိုင် ၁၁ ရက်တွင် ဆိုးလ်မြို့တော်၌ကျင်းပသည့် ဂုဏ်ထူးဆောင် သံတမန်ခန့်အပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဖွဲ့ဝင် မင်ဂျီက ၎င်းတို့သည် တောင်ကိုရီးယား၏ ကျယ်ပြန့်သောဆွဲဆောင်မှုများကို မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယခုနှစ်အတွင်း ပြည်တွင်း ခရီးသွားသန်း ၂၀ ရရှိရန် မျှော်လင့်ကြောင်း တောင်ကိုရီးယား ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီး ယူအင်ချွန်က အခမ်းအနားတွင် ပြောကြားသည်။




ပြည်တွင်း ခရီးသွားကဏ္ဍ မြှင့်တင်ရေး အစီအစဉ်များတွင် NewJeans အဖွဲ့ဝင်များအတွက် ကြီးမားသော မျှော်လင့်ချက်ရှိကြောင်း ယူအင်ချွန်က ဆက်လက်ပြောကြားသည်။

ကိုရီးယား အစားအစာနှင့် အခြားလှုပ်ရှားမှုများကို ဖျော်ဖြေပြသနေသည့် NewJeans အဖွဲ့၏ ခရီးသွားလုပ်ငန်း မြှင့်တင်ရေး ဗီဒီယိုများကို အခမ်းအနားတွင် ပြသခဲ့ကြောင်း သိရသည်။

အဆိုပါ ဗီဒီယိုများကို နယူးယောက်တိုင်းမ်ရင်ပြင်၊ တိုကျိုနှင့် ပါရီမြို့တော်တို့အပါအဝင် ကမ္ဘာတစ်ဝန်းတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

NewJeans အဖွဲ့သည် ကမ္ဘာတစ်ဝန်း၌ လျင်မြန်စွာ ကျော်ကြားလာခဲ့သည်။ အဖွဲ့ဝင်ငါးဦးပါသည့် NewJeans အဖွဲ့သည် ၂၀၂၃ ခုနှစ်တွင် အမေရိကန်အယ်လ်ဘမ်စာရင်းတွင် ထိပ်ဆုံးမှရပ်တည်ခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



## လာအိုနိုင်ငံ၌ စားရေရိက္ခာဖူလုံရေးအတွက် ယခုနှစ်အတွင်း ငါးသားပေါက်သန်း ၆၀ ကျော်ကို မြစ်များ၌ ထည့်သွင်းမွေးမြူမည်

**ဗီယင်ကျန်း ဇူလိုင် ၁၁**

လာအိုနိုင်ငံအတွင်း စားရေရိက္ခာဖူလုံရေးအတွက် ယခုနှစ်အတွင်း ငါးသားပေါက် ၆၄ သန်းနှင့် အခြားရေနေသတ္တဝါများကို နိုင်ငံအတွင်းရှိ မြစ်များအတွင်းသို့ ထည့်သွင်းမွေးမြူရန် လာအိုအစိုးရက စီစဉ်ဆောင်ရွက်နေကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ဇူလိုင် ၁၃ ရက်တွင် ကျရောက်မည့် လာအိုအမျိုးသားရေနေသတ္တဝါနှင့် တောရိုင်းတိရစ္ဆာန်နေ့ အထိမ်းအမှတ်အဖြစ် ယခုအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း လာအိုနိုင်ငံ စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ထို့ပြင် ယခုအစီအစဉ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်း Xaysettha ခရိုင်ရှိ မြစ်အတွင်းသို့လည်း ငါးသားပေါက် ၄၀၀၀၀၀ နှင့် ရေနေသတ္တဝါမျိုးစိတ်များ ထည့်သွင်းမွေးမြူမည်ဖြစ်သည်။

ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် ငါးနှင့် ရေနေသတ္တဝါများကို မွေးမြူခြင်းသည် နိုင်ငံ့စီးပွားရေးနှင့် နိုင်ငံတော်နှင့် တစ်မျိုးသားလုံး၏ ဝင်ငွေတိုးတက်ရေးအတွက် ဖြစ်သည်ဟူသည့်အချက်ကို နိုင်ငံသားများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား နားလည်သဘောပေါက်စေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လာအိုနိုင်ငံတွင် ငါးထိန်းသိမ်းရေးဇုန် ၁၁၀၀ ကျော်ရှိသည့်အနက် ၈၉၀ အား ဒေသန္တရအာဏာပိုင်များက စီမံခန့်ခွဲသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

## အင်ဒိုနီးရှားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဟောင်းအား အဂတိလိုက်စားမှုဖြင့် ထောင်ဒဏ်ချမှတ်

**ဂျကာတာ ဇူလိုင် ၁၁**

အင်ဒိုနီးရှားနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဟောင်း ဆယာရာယာဆင်လင်ပိုအား အဂတိလိုက်စားမှုဖြင့် အင်ဒိုနီးရှားတရားရုံးတစ်ရုံးက ယနေ့တွင် ထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်ကြောင်း ဆင်ဟွာသတင်းအရ သိရသည်။

၎င်းသည် ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အတွင်း စိုက်ပျိုးရေးဝန်ကြီးတာဝန်ထမ်းဆောင်စဉ် အင်ဒိုနီးရှားရူပီးယား ၄၄ ဘီလီယံကို လာဘ်ငွေအဖြစ် ရယူခဲ့သည်။ ထို့ပြင် ၎င်းကျူးလွန်ခဲ့သည့် အဂတိလိုက်စားမှုအတွက် ငွေဒဏ်အဖြစ် ရူပီးယား သန်း ၃၀၀ ကိုလည်း ပေးဆောင်စေရမည်ဟု ဂျကာတာရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးတရားရုံးမှ တရားသူကြီး ရိန်တိုအက်ဒ် ပွန်တော့ဒ်က အမိန့်ချမှတ်ခဲ့သည်။ လင်ပို သည် ယခုကျူးလွန်သည့် အဂတိလိုက်စားမှုများကို စိုက်ပျိုးရေးဝန်ကြီးဌာနအတွင်းဝန်ဟောင်း ကဒ်ဒီဆူဗက်ယိုနိုနှင့် စိုက်ပျိုးရေးစက်ပစ္စည်း ဝယ်ယူရေးဌာနညွှန်ကြားရေးမှူးဟောင်း မိုဟာမက် ဟာတာတို့နှင့် အတူ ပူးပေါင်း၍ ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ၎င်းတရားခံနှစ်ဦးကိုလည်း ထောင်ဒဏ် လေးနှစ်စီ ချမှတ်ခဲ့သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၃၀၀ ၊ အလေးချိန် ၁၀၅ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၃၀၀ ၊ အလေးချိန် ၁၀၅ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၉ ရက် ညနေ ၅ နာရီခွဲတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်တွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် စိုင်းဝဏ္ဏ၊ ညီလင်း(ခ)အိုက်ထွန်းနှင့် အောင်ဝင်းတို့ သုံးဦးသည် TOYOTA CROWN မော်တော်ယာဉ် နှစ်စီးဖြင့် ရောက်ရှိလာ၍ ရှာဖွေစစ်ဆေးခဲ့ရာ တန်ဖိုးငွေကျပ် ၁ ဒသမ ၅၇၅ ဘီလီယံတန်ဖိုးရှိ ဘိန်းဖြူ ဘလောက်တုံး ၃၀၀၊ အလေးချိန် ၁၀၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူဘလောက်တုံးများကို ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မှ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။


သိမ်းဆည်းရမိသည့် ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

# ရေးမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အမျိုးသားတစ်ဦးကို သတ်ဖြတ်ပြီး နှစ်ဦးကို ဖမ်းဆီးထားသည်ဟု အထင်အမြင်လွဲမှားစေသည့် သတင်းတု၊ သတင်းအမှားများ ရေးသားဖြန့်ဝေ

နေပြည်တော် ဇူလိုင် ၁၁

မွန်ပြည်နယ် ရေးမြို့၌ ဇူလိုင် ၈ ရက်တွင် ခြံထဲမှ ကွမ်းသီးခူးပြီး ပြန်လာသည့် အမျိုးသားတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြောင်းနှင့် ကွမ်းသီး လိုက်လံဝယ်ယူသည့် အမျိုးသားနှစ်ဦးကိုလည်း လူသားဒိုင်းသဖွယ် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၇ ရက်တွင် ရေးမြို့ ရွာသစ်ကျေးရွာနှင့် တောင်စွန်းကျေးရွာသို့ သွားရောက်သည့် လမ်းဆုံအနီးရောက်ရှိစဉ် ပွိုင့်-၁၉၃ တောင်ကုန်းပေါ်မှ အကြမ်းဖက်သမားများက




လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သည့်အတွက် နှစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ထိရောက်သော လက်နက်ကြီးပစ်ခတ်မှုများကြောင့် အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများဖြင့် အရှေ့ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ထို့နောက် တိုက်ပွဲဖြစ်ပွားခဲ့သည့်နေရာမှ အကြမ်းဖက်သမား အလောင်းတစ်လောင်းနှင့်အတူ အမ်-၁၆ ကျည်အိမ်တစ်ခု၊ ၎င်းကျည်ငါးတောင့်တို့ကို သိမ်းဆည်းရမိကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အရပ်သားပြည်သူများကို သတ်ဖြတ်ခြင်းနှင့် ဖမ်းဆီးထားခြင်းမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၁

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇူလိုင် ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Hsu (Hsu May Oo)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန် ရပ်ကွက်နေ ဆုမေဦးအား ည ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ “Daw Htay Htay” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ သဃ်္ဃန်းကျွန်းမြို့နယ် လေးဒေါင့်ကန်ရပ်ကွက်နေ ချောစုလှိုင်၊ “Ei Nander” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ တာမွေမြို့နယ် ကျောက်မြောင်းကြီး ရပ်ကွက်နေ အိစန္ဒာဝင်းနှင့် “Wah Wah Aung” Viber အကောင့်ပိုင်ရှင်ဖြစ်သူ တာမွေမြို့နယ် အရိုးကုန်းရပ်ကွက်နေ ရွှေဝါထိန်ဝင်းတို့အား ည ၁၁ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်း အသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

■

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၇-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ မွေးမြူမှုအရွေ့မှသည်... SMEသို့ရည်
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း-၉)
- ၁၃:၃၀ MRTV National News
- ၁၄:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တောက်ပသောနေ့ရက်များဆီသို့' (အပိုင်း-၂၄)
- ၁၅:၀၀ လူငယ်ရေးရာအစီအစဉ်
- ၁၅:၂၅ ပွဲကြိုသုံးသပ်ချက်
- ၁၅:၄၅ FIFA နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် အိန္ဒိယအမျိုးသမီးလက်ရွေးစင်အသင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အမုန်း၏အလွန်' (အပိုင်း-၁၁)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'ဝသန်မိုး' တေးဂီတဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၂)

### mitv

- 07:01 Evergreen Classic: Sone Taw Myaing (Takkatho Lae Lae)
- 07:10 Oboist and His Life
- 07:31 Done Nyaung Hmaing: A New Tourism Spot
- 07:43 Nutritious Avocado Foods
- 08:01 News
- 08:26 Asia Updates: Adorable Resilience
- 08:31 World Paper Bag Day (12th July)
- 09:01 Lest We Forget Great Gratitude Of Parents: Kedara Parrot King Drama (Part-1)
- 09:21 Family of Toys
- 09:40 Myanmar Betels
- 09:56 Paper Flower
- 10:01 News

### MRTV NRC

- ရှမ်း (၀၆:၀၀ မှ ၀၈:၀၀) သံလွင်မြစ်နံဘေးက ဟိုလိန်းဓာတ်တော်စေတီ
- ဝ (၀၈:၀၀ မှ ၁၀:၀၀) 'ဝ' ဘာသာစကားပြောကြရအောင် (အသီးအနှံဆိုင်ရာအခေါ်အဝေါ်များ)
- ကချင် (၁၀:၀၀ မှ ၁၂:၀၀) ဝရချက်စားကြမယ်
- ကယား (၁၂:၀၀ မှ ၁၄:၀၀) ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၇)
- စကောကရင် (၁၄:၀၀ မှ ၁၅:၀၀) ထူးဆန်းတစ်မူရသေ့ပျံဂူ
- အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀) သဘာဝမိကျောင်းများ ပျောက်စံရာမိန်းမလှကျွန်း
- အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀) အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ
- ချင်း (လိုင်ဇို) (၁၇:၀၀ မှ ၁၈:၀၀) ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မဟာကကြီးဆစ်
- ချင်း (ချို) (၁၈:၀၀ မှ ၁၉:၀၀) ချင်းရိုးရာပုံပြင်(အပိုင်း-၂) (ချင်းရိုးရာပုတီးနှင့် အမျိုးသားများ၏လည်စလုတ်ရဲ့အစ)
- မွန် (၁၉:၀၀ မှ ၂၁:၀၀) ပေါ်လမြိုင်မုန့်ဟင်းခါး
- ရခိုင် (၂၁:၀၀ မှ ၂၃:၀၀) မြန်မာ့မြေမှုစိုက်ပျိုးစီးပွားလူမှုဘဝများ (ရခိုင်သဇင်နှင့်ခနီပင်အကြောင်း)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၄၅ ရသစုံစွာ၍မြေကမ္ဘာ
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၉:၁၅ စမတ်ကျသောကာကွယ်မှုThe Ting Series (Episode-2)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ရုရှားနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးဖျက်ဆီးမှုအကြောင်းသိမှတ်ဖွယ်ရာ ဥပဒေမှာ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၇)
- ၁၈:၀၀ Economic Review

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ စိုက်မွေးကဏ္ဍအတွက် ရေသည်အသက်၊ ရေသည်ရိက္ခာ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၁၅ ဗဟုသုတ်ဖော်ထောင်းပါးကဏ္ဍ
- ၁၈:၀၀ New Flash
- ၁၈:၃၀ ကိုရောင်ခြယ်အနမ်း
- ၂၂:၀၀ အဖြူရောင်ရဲတိုက်

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၄၀ Soccer View
- ၁၁:၀၀ အားကစားသတင်း
- ၁၆:၀၀ FIFA နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် အိန္ဒိယအမျိုးသမီးလက်ရွေးစင်အသင်း)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းအမှတ်စဉ်(၂/၂၀၁၉) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မကွေး ဇူလိုင် ၁၁**

မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မကွေးတက္ကသိုလ်တို့ပူးပေါင်း၍ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းအမှတ်စဉ်(၂/၂၀၁၉) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် မကွေးတက္ကသိုလ်၌ ကျင်းပသည်။



ဦးစွာ မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးတင့်ဝေက အဖွင့်အမှာစကား ပြောကြားရာတွင် ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းသို့တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတို့ဘာသာရပ်များကို လေ့လာရာ တွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို သိရှိနားလည်ပြီး လုပ်ငန်းခွင်ဝင်ရောက်ရာတွင် အဆင်ပြေချောမွေ့မည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်သည့်အတွက် ဥပဒေ၏အားနည်းချက်၊ အားသာချက်များကို လေ့လာခွင့်ရရှိနိုင်မည်ဖြစ်သကဲ့သို့ ခေတ်ကာလနှင့်အညီ ပြောင်းလဲနေသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိလေ့လာခြင်းဖြင့် မိမိအတွက် သာမက နိုင်ငံတော်နှင့် လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးကိုပါ အကျိုးကျေးဇူးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဥပဒေပညာပြန့်ပွားရေးကို ဆောင်ရွက်ခြင်းဖြင့် ဥပဒေရေးရာကိုင်တွယ်ဆောင်ရွက်မှုများတွင် အမှားအယွင်းနည်းပါး၍ အပြစ်ကင်းစင်ပြီး ဥပဒေများကို လေးစားလိုက်နာဆောင်ရွက်နိုင်ခြင်းဖြင့် အကျိုးထိရောက်သည့် လုပ်ဆောင်ချက်များနှင့် နိုင်ငံနှင့်ပြည်သူအတွက် ကောင်းကျိုးများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မကွေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကာ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပေး သင်တန်းကျောင်း မှတ်တမ်း Video Clip ကို ပြသခဲ့ပြီး မကွေးတိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်မိသန္တာမြင့်က ဥပဒေရေးရာဝန်ကြီးဌာန သမိုင်းကြောင်းဖြစ်ပေါ်လာပုံအား ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် မကွေးတက္ကသိုလ်မှ ဆရာ ဆရာမ ၂၀၊ ဥပဒေပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၁၈၀ စုစုပေါင်း ၂၀၀ အားပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း သိကောင်းစရာများ၊ ဥပဒေအရာရှိ၏ လုပ်ငန်းတာဝန်နှင့်ကျင့်ဝတ်၊ အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေ၊ ရာဇသတ်ကြီးဥပဒေ၊ လက်နက်ဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေ၊ လူသတ်မှုနှင့် လူသေမှုအကြောင်း သိကောင်းစရာများနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ စသည်တို့ကို ဥပဒေအရာရှိများက ဇူလိုင် ၁၁ ရက်မှ ၁၂ ရက်အထိ နှစ်ရက်ကြာ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

# နိုင်ငံတော်အစိုးရက ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဇူလိုင် ၁၁**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့နေရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် ကြုံတွေ့ရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးနှင့် သက်ဆိုင်ရာသံရုံးများ ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မလင်းလင်းဇော်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ ပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေးဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့် ညှိနှိုင်း၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မလင်းလင်းဇော်သည် ဇူလိုင် ၁၀ ရက်က ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း-ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယမန်နေ့ည ၁၀ နာရီ မိနစ် ၅၀ တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မလင်းလင်းဇော်သည် ယူအေအီးနိုင်ငံ Ras Al Khaimah ပြည်နယ်တွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ချိန်များပြားပြီး အလုပ်ပင်ပန်းသည့်ဒဏ်ကို မခံနိုင်သဖြင့် အေဂျင်စီရုံးနှင့် မြန်မာနိုင်ငံမှ ၎င်းကိုပို့ဆောင်ခဲ့သူထံသို့ ဆက်သွယ်ခဲ့ရာ ပြန် လည်ထွက်ခွာလိုပါက လျော်ကြေးငွေကျပ် ၈၅ သိန်း ပေးလျော်ရမည်ဖြစ်ကြောင်း ပြောကြားသဖြင့် မတတ်နိုင်သောကြောင့် အိမ်ရှင်ထံမှ ထွက်ပြေးခဲ့သည်။ ထို့နောက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ အကူအညီတောင်းခံခဲ့ရာ မြန်မာကောင်စစ်ဝန်ရုံးချုပ် အနေဖြင့် ပြန်လည်ထွက်ခွာနိုင်ရန် စာရွက်စာတမ်းများရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ကာ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့်ရရှိခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။



မလင်းလင်းဇော်

ယူအေအီးနိုင်ငံ Ras Al Khaimah ပြည်နယ်တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့် စပ်လျဉ်း၍ မလင်းလင်းဇော်က "ကျွန်မက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့ သျှားခဲကျေးရွာမှာ နေပါတယ်။ ဟိုမှာ အိမ်ငါးအိမ်ပြောင်းပြီး အလုပ်လုပ်ခဲ့ရပါတယ်။ ခြောက်လလုံးလုံး အဆင်မပြေခဲ့ပါဘူး။ အလုပ်ရှင်အိမ်တွေက ထမင်းမကျွေးဘူး။ အလုပ်ကို ပင်ပင်ပန်းပန်း လုပ်ရတယ်။ သူတို့အစားအစာနည်းနည်းပဲစားရတယ်။ အိမ်တိုင်းကြုံတွေ့ခဲ့ရတာပါ။ အေးဂျင့်ရုံးတွေက လုံးဝမကူညီပါဘူး။ နောက်ဆုံးထွက်ပြေးပြီး မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို အကူအညီတောင်းခံခဲ့တာကြောင့် စားဖို့၊ နေထိုင်ဖို့ စီစဉ်ပေးတဲ့အပြင် မြန်မာပြည်ကိုပြန်နိုင်ဖို့ အစစအရာရာ ကူညီပေးကြပါတယ်။ ဒူဘိုင်းလေဆိပ်အထိ လိုက်ပါပို့ဆောင်ပေးခဲ့တဲ့အတွက် ကျေးဇူးကြီးလှပါတယ်။ မိမိနိုင်ငံသားတစ်ဦး ဒုက္ခရောက်နေချိန်မှာ လိုလေသေးမရှိ ကူညီဆောင်ရွက်ပေးခဲ့တာကို ရင်ထဲပြောပြလို့မရအောင် အထူးကျေးဇူးတင်ပါတယ်။ ဒီလိုအခက်အခဲမျိုးဆိုတာ ကိုယ်တိုင်ခံစားရမှ ကူညီကယ်ဆယ်မှုရဲ့ အကျိုးကျေးဇူးကို ပိုပြီးသိလာရတာပါ။ အဲဒီမှာ အိမ်အကူလုပ်မယ်ဆိုရင် လုံးဝမသွားသင့်တဲ့နေရာပါ။ ကျွန်မလို ဒုက္ခမျိုးစုံမကြုံစေချင်ပါဘူး။ နိုင်ငံတော်အစိုးရက တာဝန်ရှိသူများနဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီပေးခဲ့သူအားလုံးကို လှိုက်လှိုက်လှဲလှဲ အထူးကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့်အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူ ဖြေရှင်းပေးမှုမရှိသည့်အပြင် ဒူဘိုင်းအေဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိရာ မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့က အရှေ့အလယ်ပိုင်းနိုင်ငံများကို နှစ်နိုင်ငံသဘောတူညီချက်အရ တရားဝင်အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင် အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများက လိမ်လည်ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြားမမျှော်မှန်းနိုင်သော အန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ရေမြေခြား၊ ယဉ်ကျေးမှုမတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့် နေရာများသို့ ရောက်ရှိနေပါက အကူအညီရရှိရန် အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏ အခြေအနေမှန်အား လေ့လာသိရှိထားရန် လိုအပ်ကြောင်း အကြံပြုအသိပေးထုတ်ပြန်ထားသည်။

နိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလတွင် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ-ကန္နီး**

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၁၁**

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

# ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေး

**ရန်ကုန် ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မြို့နယ်လူမှုဖူလုံရေးရုံး ရွှေလင်ပန်းစက်မှုဇုန်အတွင်းရှိ Myanmar Full Win အထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား မောင်အောင်မင်းကိုသည် လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရ သေဆုံးမှုကြောင့် ကျန်ရစ်သူ(ငွေလုံးငွေရင်း ) အကျိုးခံစားခွင့်ပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ကျောက်တံတားမြို့နယ် မဟာဗန္ဓုလပန်းခြံလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး တာဝန်ခံအရာရှိက အခမ်းအနားသို့ တက်ရောက်လာသည့် အလုပ်ရှင်၊ အလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

**ပေးအပ်ခဲ့**

ထို့နောက် သေဆုံးသူအတွက် ကျန်ရစ်သူမိသားစု (ငွေလုံးငွေရင်း)အကျိုးခံစားခွင့် ငွေကျပ် ၄၂၈၄၀၀၀ ကို တိုင်းဒေသကြီး တာဝန်ခံအရာရှိက သေဆုံးသူ၏ ဖခင်ဦးလှဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# စက်သုံးဆီအရောင်းဆိုင်များတွင် ရောင်းချလျက်ရှိသည့် စက်သုံးဆီများ၏ အရည်အသွေးနှင့် အခြင်အတွယ် ပြည့်မီမှန်ကန်မှုရှိစေရေးအတွက် Mobile Fuel Lab ယာဉ်များဖြင့် စစ်ဆေးဆောင်ရွက်






**နေပြည်တော် ဇူလိုင် ၁၁**

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက် ပစ္စည်းဖြည့်ဆည်းမှုကွင်းဆက်အတွင်း အများပြည်သူအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် အရည်အသွေး စံချိန်စံညွှန်းကိုက်ညီမှုနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်မှုရှိစေရေးအတွက် ဌာနပိုင် Mobile Fuel Lab ယာဉ်များဖြင့် စက်သုံးဆီ အရောင်းဆိုင်များသို့ ရှောင်တခင် ဝင်ရောက်၍ အရည်အသွေးနှင့် အခြင်အတွယ် စစ်ဆေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်သုံးဆီအရောင်းဆိုင် စုစုပေါင်း ၂၆၁ ဆိုင်ကို Mobile Fuel Lab ယာဉ်များဖြင့် အရည်အသွေးနှင့် အခြင်အတွယ် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ထို့အတူ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် အရည်အသွေးနှင့် အခြင်အတွယ်စစ်ဆေးခြင်းကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိစက်သုံးဆီ အရောင်းဆိုင် ၃၆၀ နှင့် အခြင်အတွယ် စစ်ဆေးခြင်းကို အခြားတိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ စက်သုံးဆီ အရောင်းဆိုင် ၆၀၀ စုစုပေါင်း အရောင်းဆိုင် ၉၆၀ ကို စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဧပြီလ၊ မေလနှင့် ဇွန်လအထိ အရောင်းဆိုင် စုစုပေါင်း ၃၄၅ ဆိုင်ကို အရည်အသွေးနှင့် အခြင်အတွယ် စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသည် ရေနံထွက်ပစ္စည်း ဖြည့်ဆည်းမှုကွင်းဆက်အတွင်း တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရေနံထွက်ပစ္စည်း ဖြည့်ဆည်းမှုကွင်းဆက် ဖြစ်ပေါ်လာစေရေးနှင့် အများပြည်သူများ အရည်အသွေး စံချိန်စံညွှန်းနှင့် အခြင်အတွယ် ပြည့်မီသော စက်သုံးဆီများ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စက်သုံးဆီ အရောင်းဆိုင်များတွင် အရည်အသွေးနှင့် အခြင်အတွယ် စစ်ဆေးခြင်းတို့ကို ပိုမိုထိရောက်စွာ ထိန်းကျောင်း ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ



**ကျောင်းကုန်း ဇူလိုင် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မိုးမခအုပ်စု ကျုံပျော်ကားလမ်းမဘေး တောင်သူ ဦးလှဌေး၏ လယ်မြေ ၃ ဒသမ ၁၄ ဧက၌ C S မျိုးသန့်စိုက်ခင်း ဆင်းသုခမျိုးစပါးအား ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယမန်နေ့နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အဆိုပါကောက်စိုက်စက်ဖြင့်စိုက်ပျိုးပြသခြင်းအခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်(၁)ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင်(၂)ဦးတင်မောင်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်း၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအဖွဲ့ဝင်များ၊ မြို့နယ်စက်မှုလယ်ယာဦးစီးမှူး ဦးမင်းဇော်နှင့်ဝန်ထမ်းများ၊ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့်တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၀ | ၂၇၇၅ | ၂၇၅၅ | ၂၇၁၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၀၀ | ၂၇၅၅ | ၂၈၉၀ | ၂၉၂၀ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၅ | ၂၈၀၀ | ၂၈၁၅ | ၃၂၂၀ | ၃၈၀၀ |
| 95 Ron | ၂၈၂၀ | ၂၈၉၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၀၀ | ၂၉၁၀ | ၂၉၂၀ | ၂၈၈၀ | ၃၀၁၀ | ၃၀၄၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၂၅ | ၂၉၃၅ | ၃၃၄၅ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၁၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၃ | ၂၆၃၇ |
| 95 Ron | ၂၆၇၀ | ၂၇၅၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၃၈ | ၂၈၂၂ |
| HSD (10 ppm) | ၂၇၃၈ | ၂၈၂၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တွံတေးမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**တွံတေး ဇူလိုင် ၁၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကျင်းပသည့် ၂၀၂၄ ခုနှစ် မိုးရာသီ တတိယအကြိမ် စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၈ နာရီက တွံတေး-လှိုင်သာယာ ကားလမ်း(ဝဲ၊ယာ) ရှိ ဘုရားငုတ္တို(မြောက်) ကျေးရွာအုပ်စု၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ကြည်သာလှတို့က စိုက်ပျိုးသွားမည့် ပျိုးပင်များကို မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများ၊လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာ ပြည်သူတို့အားပေးအပ်ခဲ့ကာ ပျဉ်းမ ၂၀၀၊ မန်ကျည်း ၁၀၀၊ မဟော်ဂနီ ၅၀၊ ပျဉ်းကတိုး ၅၀ စုစုပေါင်း ပျိုးပင် ၄၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**



# ဧရာဝတီ၊ ချင်းတွင်းနှင့် ဒုဌဝတီ မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဇူလိုင် ၁၁

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဗန်းမော်မြို့တွင် ၁၁၃၆ စင်တီမီတာသို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၅၀ စင်တီမီတာ အောက်သို့ ပြန်လည်ကျဆင်းပြီးဖြစ်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ရွှေကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်(၃၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ကသာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့်(၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့်(၉၀ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့်(၄၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့်(၇၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့်(၁၀၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲကျော်ခန့် (၁၇၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း နှစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲကျော်ခန့် (၁၇၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ရှစ်ပေခွဲခန့်(၂၅၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကိုးပေခွဲခန့်(၂၈၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေခန့်(၂၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခြောက်ပေကျော်ခန့် (၁၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခွဲခန့်(၁၀၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဒုဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲကျော်ခန့် (၅၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကူမြို့နယ်၊ ကသာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ မန္တလေးမြို့နှင့် မြစ်ငယ်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မြင်းခြံ၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဇာတ်တိုက်လေ့ကျင့်

မြင်းခြံ ဇူလိုင် ၁၁

ဧရာဝတီမြစ်ရေ ဝင်ရောက်မှု ရေပြင်ကယ်ဆယ်ရေးဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို ယနေ့နံနက် ၈ နာရီက မြင်းခြံမြို့နယ် ဘောလုံးကျေးရွာ တံတားအနီး ဧရာဝတီမြစ်ရေပြင်တွင် ပြုလုပ်သည်။

ဇာတ်တိုက်လေ့ကျင့်

ဧရာဝတီမြစ်ရေဝင်ရောက်ချိန်တွင် ပြောင်းရွှေ့ကယ်ဆယ်နိုင်ရေး၊ လှေ၊ စက်လှေများ အန္တရာယ်တစ်စုံတစ်ရာကျရောက်လာပါက




အရေးပေါ် ကယ်ဆယ်နိုင်ရေး၊ ရေနစ်မှုများရှိလာပါက လျင်မြန်စွာ ကယ်ဆယ်နိုင်ရေးတို့အတွက် အသက်ကယ်ဘောကွင်း၊ ကြိုး၊ life jacket များ၊ Life Buoy အသုံးပြု၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင်ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကိုသန့်နှင့် ရှာဖွေကယ်ရေးတပ်ဖွဲ့ဝင်များက ဇာတ်တိုက်လေ့ကျင့်ခဲ့သည်။

ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေးအတွက် မြင်းခြံခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များဖြင့် စုဖွဲ့ထားရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ရေကြည်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

ရေကြည် ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ “လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့”ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်ပြုလုပ်၍ နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ဇူလိုင် ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် အခြေခံပညာအထက်တန်းကျောင်း(ရေကြည်)နှင့် အခြေခံပညာအထက်တန်းကျောင်း(မြို့မ)တို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရေကြည်မြို့နယ်ဦးစီးမှူး ဦးကျော်သီဟစိုးနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားကတ်အသစ်ပြုလုပ်ခြင်းကို နေ့ချင်းပြီးဆောင်ရွက်ပေးခြင်း၊ Biometric Data ကောက်ယူ၍(UID)နံပါတ် ထုတ်ပေးခြင်းလုပ်ငန်းများအား သတ်မှတ်ချက်နှင့်အညီ ကျောင်းသား ကျောင်းသူ ၁၄၅ ဦးတို့အား ဆောင်ရွက်ပေးပြီး လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## တရားမဝင်သွယ်တန်းထားသော ဝိုင်ဖိုင်ကြိုးများအား ဖယ်ရှားရှင်းလင်း

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းပိုင် ဓာတ်အားလိုင်းတိုင်များပေါ်တွင် တရားမဝင်သွယ်တန်းထားသော ဖိုင်ဘာကေဘယ်ကြိုးများနှင့် ဝိုင်ဖိုင်ကြိုးများအား ဖယ်ရှားရှင်းလင်းခြင်း၊ တရားဝင်ခွင့်ပြုထားသည့် ဆက်သွယ်ရေးကုမ္ပဏီများအနေဖြင့်လည်း မြို့တော်အင်္ဂါရပ်များနှင့်အညီ စနစ်တကျသွယ်တန်းထားခြင်း ရှိ/မရှိ၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းမှု ရှိ/မရှိ စစ်ဆေးခြင်းများကို ယမန်နေ့နံနက်ပိုင်းက မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် အထက်ပုဇွန်တောင်လမ်းတစ်လျှောက်တွင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများ၊ တရားဝင်ခွင့်ပြုထားသော ဆက်သွယ်ရေးကုမ္ပဏီများမှ ဝန်ထမ်းများဖြင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ချစ်ဆောင်

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၁-၇-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ<br>အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၄၂၀၇။ | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှဝန်ထမ်းများကောင်းမှု | ၂၀၀၀၀၀၀ |
| ၄၂၀၈။ | ဦးတင်မိုးအောင်(ခ)နေရှိုင်း၊ ရန်ကုန်တိုင်းသာသနာနုဂ္ဂဟအသင်း(ဥက္ကဋ္ဌ)နှင့်ဇနီး ဒေါ်လှလှသန်းမိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၄၂၀၉။ | ဦးကြည်အေးနှင့်ဇနီး ဒေါ်ခင်ခင်ဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၂၁၀။ | ဦးကျော်စိုးနှင့်ဇနီး ဒေါ်ရီရီလွင် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၄၂၁၁။ | ဦးညီညီနိုင်နှင့်ဇနီး ဒေါ်မိုမိုဝင်း မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၂၁၂။ | ဦးအောင်ကျော်မိုးမိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၄၂၁၃။ | ဦးသတိုးဟိန်းနှင့်ဇနီး ဒေါ်စိုးမာလာမိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၄၂၁၄။ | ဦးကျော်ဝင်းနှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၄၂၁၅။ | ဦးလှသော်၊ (သား)ဗိုလ်မှူးနေလင်းအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၁၆။ | ဦးစိုးသိန်းနှင့်ဇနီး ဒေါ်မော်မော်သန်း၊ (သား)ဒေါက်တာမင်းသန့်၊ မောင်ရဲခန့်မင်းမြတ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၁၇။ | ဆရာမရွှေကူမေနှင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၁၈။ | ဦးချစ်ကိုနှင့်ဇနီး ဒေါ်ဥမ္မာ၊ (သား)မောင်ဖြိုးဇင်ကို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၁၉။ | ဦးအောင်မြတ်သာနှင့်ဇနီး ဒေါ်သန်းသန်းဆွေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၂၀။ | ဒေါ်နှင်းဆီဦး၊ ကိုတင်မောင်ထွန်း၊ ကိုတင်မောင်လွင်၊ မဝင်းနုရီနှင့် မချမ်းမြေ့ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၂၁။ | ဦးမင်းမင်းသိန်းနှင့်ဇနီး ဒေါ်ဇင်မာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၂၂။ | နှစ်ဖက်သောမိဘများအား အမျှထား၍ ဦးအောင်စည်သူနှင့်ဇနီး ဒေါ်သုသုဝင်း၊ (သား)မောင်ဘုန်းမြတ်စည်သူ၊ မောင်ထက်မြတ်စည်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၂၃။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်ကေသီကျော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၂၄။ | အဖွားဒေါ်ရီရီစောမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၂၅။ | ဒေါ်မြင့်မြင့်သန်း၊ (သား)မောင်ဝိုင်းဇော်မြင့်အေး၊ (သမီး)မနန်းစံလှိုင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၂၆။ | ဦးမင်းသူကျော်နှင့်ဇနီး ဒေါ်နန်းစောမိုခမ်း၊ (သမီး)မနန်းသီရိမေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၂၇။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်ယဉ်ယဉ်မြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၂၈။ | ကွယ်လွန်သူဒေါက်တာဇော်ဝင်းအားရည်စူး၍ ဒေါက်တာဝေဝေလှ၊ သား၊ သမီးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၂၉။ | ကွယ်လွန်သူဦးမော်နှင့် ဒေါ်တင်ကြည်တို့အားရည်စူး၍ အရာခံဗိုလ်ကြည်ရွှေ(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်လှမော်၊ (သမီး)မနီလာမော်မော်ရွှေမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၄၂၃၀။ | အုတ်ကျင်းတောရကျောင်းဆရာတော်ဦးစောတိက ကောင်းမှု | ၆၀၀၀၀ |
| ၄၂၃၁။ | ကွယ်လွန်သူဗိုလ်ကြီးခင်မောင်နှင့် ဒေါ်အုန်းကြင်တို့အား ရည်စူး၍ မသန္တာ၊ မကေသီခင်ကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၂။ | ဦးရဲမင်းသူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၃။ | ဦးသန်းနိုင်ဝင်းနှင့်ဇနီး ဒေါ်စိုးစိုးသွယ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၄။ | ဦးကြည်မောင်နှင့်ဇနီး ဒေါ်ခင်မြမူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၅။ | ဦးအောင်ကျော်စိုးနှင့်ဇနီး ဒေါ်တင်တင်ဌေး၊ (သား)မောင်သီဟမြတ်သူ၊ (သမီး)မဆုရွှန်းထက်၊ မဆုဇီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၆။ | ဦးကျော်ခိုင်နှင့်ဇနီး ဒေါ်မော်မော်အေး၊ (သမီး)မသူသူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၇။ | ကွယ်လွန်သူဦးဖိုးခင်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၈။ | သရက်မြိုင်ကျောင်းဆရာတော်အရှင်အာစာရကောင်းမှု | ၅၀၀၀၀ |
| ၄၂၃၉။ | ဗိုလ်မှူးချုပ်ခွန်နေထွန်းဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၀။ | ဗိုလ်မှူးကြီးကျော်ထင်နှင့်ဇနီး ဒေါက်တာမီမီညိုထိုက်၊ (သမီး)မနှင်းဖြူကျော်ထင်၊ မမေနှင်းကျော်ထင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၁။ | ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့်ဇနီး ဒေါက်တာဒေါ်နွယ်နီအောင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၂။ | ဒုတိယရဲမှူးကျော်ဇာလင်းနှင့်ဇနီး ဒေါ်ဝေဝေနိုင်မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၃။ | ကိုစိုင်းအောင်နှင့်ဇနီး ဒေါ်တိုးတိုး၊ (သမီး)မပိုးသီရိသိန်း၊ မနီလာအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၄။ | ကိုညီညီမင်းထွန်းနှင့်ဇနီး မနှင်းဦးဝေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၅။ | ဒေါ်ခင်မြင့်ကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၆။ | ဦးနေစိုးနှင့်ဇနီး ဒေါ်စံပယ်မြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၇။ | ဦးအောင်စည်သူ မောင်နှမတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၈။ | ဦးခင်မောင်ထွေးနှင့်ဇနီး ဒေါ်ထွေးငယ်မြင့်၊ (သမီး)မဖူးပြည့်ဝေခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၄၉။ | ဦးဇော်မိုးလွင်နှင့်ဇနီး ဒေါ်နန်းစုလှဲ့မြသွင်၊ (သား)မောင်ကြည်ခန့်ဇော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၅၀။ | ဒေါ်လှလှဦးနှင့် သား၊ သမီးများကောင်းမှု | ၅၀၀၀၀ |
| ၄၂၅၁။ | နှစ်ဖက်သောမိဘများအားအမျှထား၍ ဦးဇော်မိုးအောင်နှင့်ဇနီး ဒေါ်မေသောင်းထိုက်ဦး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၅၂။ | ဒေါ်သန်းသန်းရီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၅၃။ | ဦးမောင်မောင်လွင်နှင့်ဇနီး ဒေါ်စန္ဒာမြင့်၊ (သမီး)မမေဖူးခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၅၄။ | ဦးကောင်းဌေးနှင့်ဇနီး ဒေါ်ညိုညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၅၅။ | ဦးပြည့်ဖြိုးလွင်နှင့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၄၂၅၆။ | ဦးကောင်းဆက်နှင့်ဇနီး ဒေါ်သီရိစိုးဟန်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၀၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-သကမ-၅၊ မြေကွက်အမှတ်-၂၀/က၊ ဧရိယာ(၀.၀၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၀/က၊ မန္တလေးလမ်း၊ ၁၂ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးပန်(ISN-၂၆၄၇၇၆)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးပန် (ခင်ပွန်း)သည် (၁-၁၁-၂၀၂၁)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်မြင့်မြင့်ဝင်း[၁၂/လမန(နိုင်)၁၁၄၂၀၇]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း အခြားသော ဇနီး/မယားတစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ကြောင်း

ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာ၊ လဝမ်ကထောင်ရပ်ကွက်(၃)၊ အမှတ်(၄၃)နေ ဦးပီနော်ထောဒေါင် (ခ) ဦးမိနော်ထောဒေါင် [၁/ဝမန(နိုင်)၀၅၃၇၄၇]သည် တစ်ဦးတည်းဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဂမ်ဆိုင်း [၁/မကန (နိုင်) ၁၈၄၂၆၃] ၏ ပတ်စ်ပို့နံပါတ် (MC-977449) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၀၇၄၉၄၁၃

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်ခါးရာ [၁၃/ကခန (နိုင်) ၀၀၀၁၄၆] ၏ ပတ်စ်ပို့နံပါတ် (MC-662964) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၈၉၀၇၄၉၄၁၃

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကျိုင်းလပ်ကုန်သွယ်ရေးစခန်းတည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေ မြန်မာကျပ်ငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၃)မျိုးကို ဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသားပိုင် ပြည်တွင်းကုမ္ပဏီများအနေဖြင့် တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည် -

(က) 200 KVA Transformer 400 V Line 1500'
Box Culvert J စင်း (၅' x ၅' x ၄၀') ချဉ်းကပ်လမ်း (၃၀' x ၂၄' x ၁'၈")
အပါအဝင် မြေထိန်းနံရံ (၆၅၀' x ၁'၆" x ၉') နှင့် (၈၅' x ၁'၆" x ၄')

| | | |
|---|---|---|
| ( ခ ) | တင်ဒါပုံစံ စတင်ရောင်းချမည့်ရက် | - (၁၂ -၇-၂၀၂၄) ရက်နေ့မှ (၂၅-၇-၂၀၂၄)ရက်နေ့(ရုံးချိန်အတွင်း) |
| ( ဂ ) | တင်ဒါပုံစံရောင်းချမည့်နေရာ | - တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း)၊ ကျိုင်းလပ်ကုန်သွယ်ရေးစခန်း |
| (ဃ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့်ရက်၊ အချိန်၊ နေရာ | - (၂၅ -၇-၂၀၂၄) ရက်နေ့ ၁၆၀၀ နာရီထိ တာချီလိတ်ကုန်သွယ်ရေးစခန်း (မယ်ယန်း) |
| ( င ) | တင်ဒါဖွင့်လှစ်မည့်ရက် | - ဆက်သွယ်အကြောင်းကြားပါမည်။ |
| ( စ ) | တင်ဒါစိစစ်ရွေးချယ်မည့်နေရာ | - ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ တောင်ကြီးမြို့ |

၂။ သတ်မှတ်ရက်အချိန်ထက် နောက်ကျတင်သွင်းသောလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်း ဖော်ပြအပ်ပါသည်။

၃။ တင်ဒါလျှောက်လွှာပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကုန်သွယ်ရေးဦးစီးဌာန၊ တာချီလိတ်ကုန်သွယ်ရေးစခန်း၊ ညွှန်ကြားရေးမှူးရုံး(မယ်ယန်း)နှင့် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းတွင် နေ့စဉ်ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

| | |
|---|---|
| ကုန်သွယ်ရေးဦးစီးဌာန၊ | ဖုန်း-၀၉-၆၇၈၀၄၅၇၅၉ |
| တာချီလိတ်ကုန်သွယ်ရေးစခန်း(မယ်ယန်း) | ဖုန်း-၀၉၆၇၇၄၄၆၅၈၅ |
| ကျိုင်းလပ်ကုန်သွယ်ရေးစခန်း | ဖုန်း-၀၉၆၇၉၁၀၀၂၅၃ |

## အမွေစားအမွေခံ ကိတ္တိမသမီးအဖြစ် တရားဝင်မွေးစားပြီးစီးပါကြောင်း အများသိစေရန်

ဒေါ်သန်းသန်းမြင့် (ဘ) ဦးမြင့်လွင် [၅/အတန(နိုင်)၀၆၂၇၉၃] သည် ဒေါ်အေးမာလာ (ဘ) ဦးတင်မောင်ဦး [၁၂/အစန(နိုင်)၂၄၃၀၉၀] ကို ရန်ကုန်မြို့တော်စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ (၂၅-၆- ၂၀၂၄) ရက်စွဲပါ စာချုပ်အမှတ်(၄/၅၃၉၂) ဖြင့် အမွေစားအမွေခံ ကိတ္တိမသမီး အဖြစ်မွေးစားခြင်းစာချုပ်ကို မှတ်ပုံတင်သွင်းချုပ်ဆို၍ တရားဝင် မွေးစားသမီးအဖြစ် မွေးစားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်သန်းသန်းမြင့် နှင့် ဒေါ်အေးမာလာတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဖုန်း-၀၉-၅၁၈၁၈၂၀**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၃/ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၁၃၇) နေ ဒေါ်သန်းသန်းစိုး(ခ)ကေသီ [၁၀/မလမ(နိုင်)၁၄၈၄၅၂] (ဘ)ဦးစိုးနိုင်မှ အများသိစေရန်ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၃/ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၁၃၇) အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ၅၃/ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၁၃၉) အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ) နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၅၄/ရပ်ကွက်၊ အေးရိပ်မြိုင်လမ်း၊ အမှတ် (၁၀၈၃)၊ အကျယ်အဝန်း (၂၄ ပေ x ၆၀ ပေ) တို့နှင့်ပတ်သက်ပြီး ဒေါ်သန်းသန်းစိုး(ခ) ကေသီတစ်ဦးတည်းသာ တရားဝင်ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး အဆိုပါမြေကွက်များနှင့်ပတ်သက်ပြီး ဒေါ်သန်းသန်းစိုး(ခ)ကေသီမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ဒေါ်သန်းသန်းစိုး(ခ)ကေသီ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကေဇာမိုး (L.L.B, D.B.L, C.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၄၄၀၂)**
**အမှတ်(၂၀၇/က-ခ)၊ တပင်ရွှေထီးလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉- ၄၅၂၀၈၇၂၉၀၊ ၀၉- ၆၆၅၂၁၀၂၇၈**

## အများသိစေရန် အသိပေးကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း/တောင် ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် (၂၉) နေ ဦးအောင်ဇော်မြင့် [၁၂/စခန(နိုင်) ၀၁၃၂၈၂၁]ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျန်စစ်သားရပ်ကွက်၊ ဖိုးရာဇာ လမ်း၊ အမှတ် (၄/၂၃၆၉) ဟု ခေါ်တွင်သော အလျား (၂၅) ပေ x အနံ (၅၀) ပေရှိ မြေကွက်အား ဆက်စပ်စာချုပ်များအရ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုကမ်းလှမ်းလာသူ ဒေါ်ခိုင်ဇာ လတ် [၁၂/ဒလန(နိုင်)၀၈၆၆၄၈]၊ ဒေါ်သဲနုအောင် [၁၂/ဒလန(နိုင်) ၀၈၆၅၉၀] နှင့် ဦးဝေဖြိုးဟန် [၁၂/ဒလန (နိုင်) ၀၈၄၇၉၂] တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအောင်ဇော်မြင့်က (၅-၇-၂၀၂၄) ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်အား ကန့်ကွက်ရန်ရှိပါက (၇) ရက်အတွင်း ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါ မြေကွက်အား အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုစုမြိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၆၄၁)**
**တိုက်အမှတ် (၁၈)၊ မြေညီထပ် (A)၊ သင်္ဃဟလမ်း၊(ဃ) ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉- ၇၅၁၄၅၅၆၂၅**

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
## ပေါင်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁

| | |
|---|---|
| ဦးဗညားသီဟ | ၁။ ဒေါ်သက်သန္တာလှိုင် |
| | ၂။ ဒေါ်သီသီမော် |
| | ၃။ ဒေါ်ရွှေခိုင် |
| **(လျှောက်ထားသူ)** | **(လျှောက်ထားခံရသူများ)** |

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဇင်းကျိုက်မြို့၊ ဇင်းကျိုက်ရပ်ကွက်၊ ဘုရားတစ်ရာလမ်းနေ အမှတ်(၂)လျှောက်ထားခံရသူဒေါ်သီသီမော်နှင့် အမှတ်(၃)လျှောက်ထားခံရသူဒေါ်ရွှေခိုင် (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။

အထက်အမည်ပါလျှောက်ထားသူ ဦးဗညားသီဟက ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ အရ လျှောက်ထားသူ နေထိုင်ခွင့်ရှိသည့် ထက်ဝက်အစုမှ ဖယ်ရှားခံရသဖြင့် ပြန်လည်ပေး အပ်ပါရန် လျှောက်ထားသည်ဖြစ်၍ သင်က ဤလျှောက်လွှာအတိုင်း အမိန့်မချသင့်ကြောင်း အကြောင်းပြရန် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၈ ရက် (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်)၊ ကြာသပတေးနေ့၊ မွန်းမ တည့်မီ ၁၀: ၃၀ နာရီအချိန်တွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေ ဖြစ်စေ ဤရုံးသို့ လာရောက်ရမည်။ မလာရောက်ခဲ့လျှင် အဆိုပါ လျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝေနှင်းသူ)**
**မြို့နယ်တရားသူကြီး**
**ပေါင်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
## ပေါင်မြို့နယ်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁

| | |
|---|---|
